ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်၊ စနေနေ့၊ (31-3-2007) (၅၂၇၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြင်းခြံ–သာပေါင်း ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် သာပေါင်းတံတား ဖွင့်ပွဲအခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်

နေပြည်တော် မတ် ၃၀

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြင်းခြံခရိုင် မြင်းခြံမြို့နယ် ခေါင်းကွဲကျေးရွာအနီးတွင် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဖောက်လုပ်ခဲ့သည့် မြင်းခြံ–သာပေါင်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် မွန်းလွဲ ၁နာရီ ၂၅မိနစ်က အဆိုပါလမ်းသစ်၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ပြီး လမ်းသစ်အား ကြည့်ရှုစစ်ဆေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှမိုးနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအရာရှိများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်က လမ်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား မြင်းခြံမြို့နယ် ခေါင်းကွဲကျေးရွာမှ ဦးဌေးဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုး၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဇံနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် လမ်းသစ်အားကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက အခမ်းအနားသို့ တက်ရောက်လာသော လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ မြင်းခြံ–သာပေါင်း ကတ္တရာလမ်းသစ်သည် အရှည်ပေ ၁၄၅၀၊ အကျယ် ၁၂ပေရှိ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေကျပ် ၉၄ သိန်းဖြင့် ဖောက်လုပ်ခဲ့ကြောင်း သိရှိရသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** *

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မြင်းခြံမြို့နယ် သာပေါင်းကျေးရွာအနီးတွင် ဆောက်လုပ်ခဲ့သည့် သာပေါင်းတံတားဖွင့်ပွဲသို့ တက်ရောက်ပြီး တံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ပဈေးကွက်တိုးချဲ့နေသည့် မြန်မာ့ကြိမ်ထည်လုပ်ငန်း

မြန်မာ့လက်မှု ကြိမ်ထည်ပစ္စည်းများကို အင်တာနက် ဝက်ဘ်ဆိုက်များတွင် တင်ထားရာ ပြည်ပနိုင်ငံများက တွေ့မြင်နှစ်သက်သဖြင့် မှာယူမှု များပြားလျက်ရှိသည်။

ညီညီစိုးညွှန့်ရေးသားသည့် "ပြည်ပဈေးကွက် တိုးချဲ့ တက်လှမ်းနေသည့် မြန်မာ့ကြိမ်ထည်လုပ်ငန်း" သတင်းဆောင်းပါးကို စာမျက်နှာ–၁၀ တွင် ဖော်ပြထားပါသည်။

တိုင်းမှူး ဗိုလ်ချုပ်ကိုကို ပဲခူးမြို့တော်ခန်းမအဆောက်အအုံသစ် ဖွင့်ပွဲနှင့် ကဝမြို့နယ် သပြေကုန်းစံပြတိုက်နယ်ဆေးရုံဖွင့်ပွဲများ တက်ရောက်အားပေး

နေပြည်တော် မတ် ၃၀

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း ပဲခူးမြို့တော်ခန်းမ အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၃ရက် နံနက် ၇ နာရီခွဲက ပဲခူးမြို့ ဟံသာဝတီရပ်ကွက်ရှိ ပဲခူးမြို့တော်ခန်းမ အဆောက်အအုံသစ်၌ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တိုင်းအတွင်းရေးမှူး ဦးဖေသိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းအတွင်းရေးမှူး ဦးဖေသိန်းနှင့် တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်တို့က မြို့တော်ခန်းမအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက မြို့တော်ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ▲

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၁-၃-၂၀၀၇
(စနေနေ့)

တစ်ကိုယ်ရေကျန်းမာမှု အပူဒဏ်ကာကွယ်ရေးသတိပြု

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအတွက် အလေးထားကြရသည့် လိုအပ်ချက်ဖြစ်သည်။ လူတိုင်း ကျန်းမာ ကြံ့ခိုင် သန်စွမ်းရေးအတွက် ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ခြင်းသည်အရေးပါ၍ ထိရောက်မှုရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ထမ်းများက ပြည်သူများရောဂါဘယ ကင်းဝေးစေရေးအတွက် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများဖြန့်ဝေခြင်း၊ အချိန်ရာသီအလိုက် သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ခြင်းတို့ဖြင့် အသိပညာပေးလျက်ရှိသည်။

ယခုအချိန်သည် ရာသီဥတုပူပြင်းလာမှုကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများသဖြင့် ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်း၊ မိတ်နှင့်ယားဖုများ ထွက်ခြင်းတို့ ဖြစ်နိုင်ကြောင်းသိရသည်။

အပူဒဏ်ကြောင့် ဝေဒနာခံစားရမှုအပေါ်မူတည်၍ ပင်ပန်းနွမ်းနယ်မှု၊ ကြွက်တက်မှုများဖြစ်ပါက ရေများများသောက်ခြင်း၊ ဓာတ်ဆားရည်သောက်ခြင်းများ ပြုလုပ်ကြရမည်ဖြစ်သည်။ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်သူ လူနာများအတွက်မူ ဆေးရုံသို့ အမြန်ပို့ ပြသကြရန်လိုအပ်သည်။

ပြည်သူများအနေဖြင့် နေပူထဲသို့ထွက်ပါက ထီး၊ ဦးထုပ်ဆောင်း၍ သွားလာကြရမည့်အပြင် အရောင်ဖျော့ဖျော့ အဝတ်အထည်များ၊ ပွပွချောင်ချောင် ချည်ထည်များ ဝတ်ဆင်သင့်သည်။ နေပူထဲကပြန်လာပြီး ချက်ချင်း ရေချိုးခြင်း၊ ခေါင်းလျှော်ခြင်း၊ ပူလွန်းသဖြင့် မြစ်ချောင်းထဲ ရေဆင်းကူးခြင်း၊ ညဘက်တွင် ဖျာပေါ်၌ ရေဖျန်းခြင်း၊ အဝတ်ကို ရေဆွတ်၍ ခြုံအိပ်ခြင်းများကို အထူးရှောင်ကြဉ်ကြရမည်ဖြစ်သည်။

ထို့အပြင် အပူစုပ်တတ်သည့် အနက်ရောင်အဝတ်အစားများ၊ ချည်ထည်မဟုတ်သည့် အဝတ်အစားများ ကျပ်တည်းစွာ ဝတ်ဆင်ခြင်း၊ အရက်သောက်ခြင်း၊ ရေခဲရေဖြင့်မျက်နှာသစ်ခြင်းတို့ မပြုလုပ်မိရန်လည်း သတိပြု ဆင်ခြင်ကြရမည်ဖြစ်သည်။

သို့ဖြစ်၍ လူတိုင်းလူတိုင်း တစ်ကိုယ်ရေကျန်းမာမှု စောင့်ရှောက်ရေး လုပ်ငန်းများကို အစဉ်အလေးထားပြီး ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များနှင့်အညီ အစဉ်သတိပြု လိုက်နာနေထိုင်သွားလာကြခြင်းဖြင့် ပြည်သူတိုင်း ကျန်းမာခြင်းသုခနှင့် ပြည့်စုံကြမည်ဖြစ်ပါသည်။ ။

မန္တလေးဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်ဆဲဖြစ်သည့် ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်း (ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေမဉ္ဇူလမ်း ရွှေပုန်းညက်ရိပ်မွန်နေ ရဲမှူးကြီးသိမ်းစိုး(ငြိမ်း)-ဒေါ်တင်တင် ဝင်းမိသားစုက ကျောင်းအလှူတော်ငွေ ကျပ်တစ်သိန်းလှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် (မဟာသိမ်တော်ကြီးစာချ-နာယက)ဆရာတော် ဦးဂန္ဓသာရ ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နမ့်ဆန်မြို့ ဒေသဖွံ့ဖြိုးရေး တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၀

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၈ ရက် နံနက် ၇နာရီက နမ့်ဆန်-ပန်လုံလမ်း မိုင်တိုင် အမှတ်(၂၁/၅) ရှိ နမ့်ဆန်မြို့နှင့် နမ္မတူမြို့နယ်ခြား နမ္မတူချောင်းကိုဖြတ်၍ တည်ဆောက်ထားသော လေလုတံတားသို့ရောက်ရှိရာ ကော်မိန်းမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင်အင်ဂျင်နီယာမှူး ဦးခင်မောင်ဦးက လက်ရှိတံတားအခြေအနေနှင့် ပြန်လည်ပြုပြင်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးကာ တံတား၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် မန်ကန်ရွာအနီး မိုင်တိုင် အမှတ်(၁၁/၆)နှင့် (၁၁/၇)ကြား မြေသားနံရံပြိုကျမှုကြောင့် စက်ယန္တရားများဖြင့် လမ်းပြုပြင်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိရာ သီပေါမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လက်ထောက်အင်ဂျင်နီယာ ဦးကျော်ညွှန့်ရှိန်က လမ်းပြန်လည်ပြင်ဆင်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး လမ်းပြုပြင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် နမ့်ဆန်မြို့ရှိ မြို့ကျက်သရေဆောင်ခန်းမသို့ သွားရောက်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် နမ့်ဆန်မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများနှင့် လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးက ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ ဒေသခံပြည်သူများနှင့် ဆေးရုံတက်ရောက်ကုသနေသည့် လူနာများအတွက် အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ၊ ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှ တစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နမ့်ဆန်မြို့နယ်ရှိ မြို့မဆရာတော်ကျောင်းကြီးသို့ သွားရောက်၍ နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဆရာတော်ကြီး အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ တိုင်းမှူးသည် ကော်မိန်း(မြို့တည်) စေတီတော်အားသွားရောက်ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့အား အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကွယ်လွန်သူ မိဘများဖြစ်သော သမာဆန္ဒ ဦးမော်-ဒေါ်နုနု တို့အားရည်စူး၍ ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း ၃၂ ရပ်ကွက် စိမ်းလဲ့သာယာလမ်းနေ ဦးဇော်ဝင်းထွန်း-ဒေါ်နီလာမော် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် ငွေကျပ်တစ်သိန်းကို မိုးမိတ်အနုနာယက ဆရာတော် ဘဒ္ဒန္တဝိနယထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် မိုးညှင်းယောဂီ ဒေါ်သောင်းသောင်းက ငွေ ကျပ် ၁၀၀၀၀၀ ကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးတင်မြင့်ဦးသို့ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တရားစခန်းနှင့် ဒုလ္လဘရဟန်းခံပွဲ

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)အနောက်ရပ်ကွက် ရောဝဏ်လမ်း ဇိနမာရ်အောင်စေတီအနီး မိုးကုတ်ဝိပဿနာ သုညတဓမ္မကျောင်း၌ (၃)ကြိမ်မြောက် ဒုလ္လဘရဟန်းခံနှင့် တရားစခန်းကို ဧပြီ ၁၃ ရက်မှ ဧပြီ ၁၈ရက်ထိ ဖွင့်လှစ်မည်ဖြစ်ရာ ဒုလ္လဘရဟန်းခံလိုသူများ သင်္ကြန်အကြိုနေ့ မွန်းတည့် ၁၂နာရီအရောက် ရဟန်းခံမည်ဖြစ်ပြီး လှူဒါန်းလိုသူများ ဖုန်း-၅၅၃၄၈၈၊ ဒုတိယဗိုလ်မှူးကြီး ဒေါက်တာမြင့်ထွန်း ဖုန်း-၂၀၃၂၃၉၊ ဒေါ်ပို့ပို့ ဖုန်း-၀၉ ၅၀-၁၂၈၇၄၊ ၅၄၈၆၈၉၊ ဒေါ်သိန်းနုခိုင် ဖုန်း-၃၈၀၂၅၂၊ ၃၈၀၂၆၂၊ ဦးထွန်းအေး ဖုန်း-၀၉ ၅၁၃၈၅၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သာသနရံသီကျောင်းတိုက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၀

မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် ဘုန်းကြီးလမ်း အာသာဝတီကျောင်းတိုက် ဒေါနလမ်းရှိ သာသနရံသီကျောင်းတိုက်တွင် ဧပြီ ၁၂ ရက်မှစ၍ တရားစခန်းဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ အချိန်မီ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ချီးမြှင့်

ပုဏ္ဏန်တောင်မြို့နယ် အမက(၆) ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မူလတန်းဆင့်ပညာသင်ယူ ပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၁၀ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်း စတုတ္ထတန်းကျောင်းသား မောင်ကောင်းစည်သူအား လက်မှတ်ပေးအပ် ချီးမြှင့်စဉ်။ (၂၃)

သန်လျင်ဖားအောက်တောရသင်္ကြန်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၀

သန်လျင် ဖားအောက်တောရရိပ်သာ သင်္ကြန်တွင်းတရားစခန်းပွဲကို ဧပြီ ၁၂ ရက်မှ ၂၀ ရက်အထိ ရိပ်သာအတွင်းရှိ နာယကဆရာတော်များက သမထ ဝိပဿနာ အလုပ်ပေးတရားတော်များ ချီးမြှင့်မည်ဖြစ်ပြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာမင်းတင်မွန်က အဘိဓမ္မာသင်တန်းများ ပို့ချပေးမည်ဖြစ်၍ တရားစခန်းဝင်ရောက်လိုသော ယောဂီများ ဧပြီ ၁၁ ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

အပူအန္တရာယ် အစဉ်သတိပြုကာကွယ်ပါ

ဒေါက်တာဒေါ်မြသန်း
(တက္ကသိုလ်များဆေးရုံ)

မိန်နွေတပေါင်း နေရှိန်ကောင်း၍ ရွက်ဟောင်းများ တဖြုတ်ဖြုတ်ကြွေသည်ကိုကြည့်ပြီး လူတို့သည်လည်း နေ၏အပူရှိန်ဒဏ်ကြောင့် ခန္ဓာကိုယ်ရှိ ဓာတ်သဘာဝများပျက်စီး၍ ဆဲလ်များပျက်စီး ဝေဒနာခံစားပြီး အသက်ဆုံးရှုံးရပုံကို သံဝေဂတရားဖြင့် ဆင်ခြင်မိပါသည်။ မြတ်စွာဘုရားရှင်က ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်းတရားလေးမျိုး ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဓာတ်ကြီးလေးပါး ဖောက်ပြန် လျှင် ရုပ်ခန္ဓာသည် ဖောက်ပြန်ပျက်စီးတတ်ကြောင်း ဟောကြားခဲ့ပါသည်။

ဥတုရာသီသည် လူသားတို့အတွက် အရေးကြီးပါသည်။ ဥတုရာသီ မအေးလွန်း၊ မပူလွန်းလျှင် ကျန်းမာရေးနှင့် သဟဇာတဖြစ်၍ ပူလွန်းပါက၊ သာမန် ၉၈ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်ထက်ကျော်ပါက လူတို့ကျန်းမာရေးကို ထိခိုက်စေပါသည်။ ပူအိုက်သောဒေသတွင် နေသားကျသူများသည် အပူရှိန်ကို သဘာဝအတိုင်း ခံနိုင်ရည်ရှိအောင် ခန္ဓာကိုယ်က ဇီဝကမ္မအရ ထိန်းသိမ်းထားအောင် ဖန်တီးနိုင်သော်လည်း အေးသောဒေသမှ ပူသောဒေသသို့ ပြောင်းရွှေ့လာသူများမှာ ရောက်ခါစတွင် အပူဒဏ်ကိုမခံနိုင်ဖြစ်တတ်ပါသည်။

ကမ္ဘာကြီး ပူနွေးလာမှုနှင့် ပင်လယ်ရေပြင် မြင့်တက်လာမှုကြောင့် ဘာရာဇီးပြည်သူ ၄၂ သန်း အန္တရာယ် ကျရောက်စေနိုင်ကြောင်း သတိပေးချက်၊ အမေရိကန် အယ်လ်ဘားမားဒေသတွင် တိုနေဒိုးမုန်တိုင်းကြောင့် ပျက်စီးသွားသောသတင်းများ၊ အိုဇုန်းလွှာပေါက်၍ ကမ္ဘာကြီးကို အပူရှိန်တိုက်ရိုက်ကျရောက်သဖြင့် အချို့နိုင်ငံများမှလူများ ရေစိမ်နေခြင်း၊ ရေပန်းများတွင် အအေးခံနေကြသည့် သတင်းများကို တွေ့ရပေမည်။ ဖန်လုံအိမ်အာနိသင်ကြောင့် ပူလောင်၍ သဘာဝဂေဟစနစ်များ ပျက်စီးလာခြင်းဖြစ်သည်။

စက်မှုလက်မှု တိုးတက်လာသည်နှင့်အမျှ ချုံကလီးယားစမ်းသပ်မှု၊ စက်ရုံအလုပ်ရုံ အဆိပ်အတောက် အညစ်အကြေးများ စွန့်ပစ်မှုများကြောင့် ကမ္ဘာမြေထု၊ လေထု၊ ရေထုတွင် အဆိပ်ဓာတ်များပျံ့နှံ့၍ ကမ္ဘာကြီးတွင် တစ်နေ့တခြား အပူချိန်မြင့်မားလာကာ ကျန်းမာရေးကို ခြိမ်းခြောက်လာပါသည်။

မြန်မာနိုင်ငံသည် ပူအိုက်စွတ်စိုသော နိုင်ငံဖြစ်၍ နွေရာသီလေးလတွင် အပူဒဏ်ကို ခံစားရပါသည်။ အပူဒဏ်ခံစားရလွယ်သူများမှာ–

- **လေဝင် လေထွက်မကောင်းသောနေရာတွင် နေထိုင်သူများနှင့် ထူလွန်း၊ မည်းမှောင်၊ ကျပ်တည်းသော အဝတ်အစားများကို ဝတ်စားဆင်ယင်လေ့ရှိသူများ၊**
- **ငှက်ဖျား၊ နမိုးနီးယား၊ ဆီးချို၊ သွေးတိုး၊ တီဘီရင်ကျပ်ရောဂါရှိသူ၊ အရက်အလွန်အကျွံသောက်သူ၊ အသည်းနှင့်နှလုံး အဆီဖုံးသူများ၊ အဝလွန်သူ၊ သက်ကြီးရွယ်အို နာတာရှည်ရောဂါရှိသူများ၊ မွေးကင်းစကလေးငယ်များ၊**
- **ခွဲစိတ်ကုသမှုခံယူထားသူ၊ ဦးနှောက်အမြှေးရောင်ရောဂါရှိသူများ၊**
- **မွေးရာပါ ချွေးအိတ်များမပါသူ၊ အရေပြားရောဂါအခံရှိသူများ၊**
- **နေအပူ၊ မီးအပူနှင့် ထိတွေ့လုပ်ကိုင်ရသော မိုင်းလုပ်သား၊ သံရည်ကျိုလုပ်ငန်း၊ ပေါင်းအိုး၊ ပန်းပဲလုပ်ငန်းလုပ်ကိုင်သူများ၊ အားအင် စိုက်ထုတ်ရသော ကာယလုပ်သားများ၊ အားကစားသမားများ ဖြစ်ကြပါသည်။**

ခန္ဓာကိုယ်အပူချိန် ထိန်းချုပ်သော ဦးနှောက်မှ Hypothalamus cells များနှင့် ခန္ဓာကိုယ်ဇီဝကမ္မပြောင်းလဲ၍ ခန္ဓာကိုယ်အတွင်း၊ အပြင်ဆဲလ်များ လောင်ကျွမ်းပျက်စီးပြီး အောက်ပါရောဂါဝေဒနာများ ဖြစ်ပွားနိုင်သည့်အပြင် အသက်ပါဆုံးရှုံးနိုင်ပါသည်–

- **Sun Burn–နေရောင်ခြည်ရှိ ခရမ်းလွန်ရောင်ခြည်များ အရေပြားပေါ်ကျရောက်၍ သာမန်အပူချိန် ၉၈ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်ထက်မြင့်ပြီး ချွေးထွက်လွန်ခြင်း၊ နေလောင်၍ နီရဲရောင်ရမ်းခြင်း၊ ယားယံဖုများ၊ ရေကြည်ဖု၊ မီးလောင်ဖုပေါက်၍ ဖောရောင်ခြင်း၊ တင်းတိပ်၊ မှဲ့ခြောက်နှင့် အရေပြားအပေါ်လွှာ(EPIDERMIS) ဆဲလ်များ ပျက်စီးခြင်း၊**
- **Prickly Heat- စူးရှ၊ ယားယံသောမိတ်ဖု၊ အရည်ကြည်ဖုနှင့် ပြည်တည်ခြင်း၊ အနာစိမ်းများ ပေါက်ခြင်း၊**
- **Tropical Anhydrotic Asthenia- ချွေးဂလင်းအိတ်များ ပျက်စီးပြီး ချွေးလုံးဝမထွက်ဘဲ အသားအရေ နီရဲပြောင်တင်း၍ အပူရှိန်တက်ကာ နှလုံးတုန်၊ ရင်ခုန်၊ အားကုန် သွေးခုန်နှုန်း၊ အသက်ရှူနှုန်းများ မြင့်တက်၍ နေမထိထိုင်မသာ ဖြစ်ခြင်း၊ ကယောင်ကတမ်း တုန်တုန်ချည့်ချည့် လက်တုန်၊ ခြေတုန်ဖြစ်ခြင်း၊**
- **Heat Collapse–ခန္ဓာကိုယ်သွေးလှည့်ပတ်မှု မညီမျှမှုကြောင့် ဦးနှောက်သွေး လှည့်ပတ်မှုမရှိသဖြင့် ရုတ်တရက်အထိုင်အထတွင် အပေါ်သွေးပေါင်ကျဆင်း၍ မူးမေ့သတိလစ်ခြင်း၊**
- **Heat CRAMP–ချွေးထွက်လွန်ခြင်းကြောင့် ခန္ဓာကိုယ်အတွက် လိုအပ်သော ရေနှင့်ဓာတ်သတ္တုပစ္စည်း (Electrolyte)ဆားဓာတ်များ ဆုံးရှုံးသွားသဖြင့် ကြွက်သားများ တောင့်တင်း၍ နာကျင်ခြင်း၊ အကြောတက်ခြင်း၊ ခေါင်းကိုက်မူးဝေ ကြွက်တက်ခြင်း၊**
- **Heat Exhaustion–ချွေးလွန်သဖြင့် ဆိုဒီယမ်၊ ပိုတက်စီယမ်၊ ကယ်လ်စီယမ်ကလိုရိုက်၊ ကာဗွန်နိတ်အလက်ထရိုလိုက်ဓာတ်များ၊ ဆားနှင့်ရေဓာတ်များဆုံးရှုံး၍ ဗိုက်အောင့်လေထိုး၊ မူးဝေ၊ အော့အန်၊ ဝမ်းသွား၊ ဇက်ထိုး၊ မျက်လုံးကြည့်မကောင်း၊ ခြေ၊ လက်မသယ်ချင်အောင် အားအင်ကုန်ခန်းသွားခြင်း၊**
- **Heat Stroke နောက်ဆုံးကိုယ်အပူချိန် ၁၀၆–၁၀၇–၁၀၈ ဒီဂရီဖာရင်ဟိုက်သို့ရောက်ပါက ပူပြင်းခြောက်သွေ့သော အရေပြားအပူချိန် မြင့်တက်ခြင်း၊ သတိလစ်၊ မေ့မြောခြင်း၊ တက်ခြင်း၊ လေဖြတ်၊ တစ်ခြမ်းသေ၍ ဦးနှောက်နှင့်အာရုံကြောရှိ ဆဲလ်များ ပျက်စီးခြင်း၊ CVS သွေးလှည့်ပတ်မှု အဖွဲ့အစည်းပျက်စီး၍ ဆီးလုံးဝမသွား၊ တစ်ကိုယ်လုံးမဲပြာပြီး သွေးကြောပေါက် သွေးယိုစီးခြင်းကို အသည်း၊ ကျောက်ကပ်၊ နှလုံး၊ အဆုတ်၊ သရက်ရွက်၊ အစာအိမ်၊ ဦးနှောက်စသော ကိုယ်တွင်းအင်္ဂါများတွင် ဖြစ်ပေါ်ခြင်း။**

ကာကွယ်ရန်နည်းလမ်းများ

ချွေးငုပ်၍၊ အပူရုပ်၍၊ မိတ်ဖုများဝင်ပြီးဖျားခြင်း၊ အပူကန်စာများစား၍ ဖျားခြင်းတို့အတွက် သင့်တင့်လျောက်ပတ်သော နေထိုင်စားသောက် ဝတ်စားဆင်ယင်ခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ နွေရာသီတွင် ရုတ်တရက် ဖျားပါက ကိုယ်အပူချိန်လျော့ကျရန် ရေဖတ်တိုက်ခြင်း၊ ရေခဲရေဖတ်တိုက်ခြင်း၊ လေဝင်လေထွက်ကောင်းသောနေရာ၊ ပန်ကာ၊ လေအေးပေးစက်များရှိသောနေရာတွင် နေထိုင်ခြင်း၊အရည်များများ၊အချိုရည်နှင့်ဓာတ်ဆားရည်တိုက်ခြင်း၊ ကြေညက်လွယ်သော အစားအစာများ စားခြင်း၊ ဗီတာမင်ဘီ၊ စီတို့တိုက်ကျွေး၍ အဆီ၊အဆိမ့်၊ သရက်၊ ပိန္နဲ၊ ဒူးရင်းသီး၊ အုန်းနို့၊ ဒံပေါက် ပူစပ်သောအစားများရှောင်၍ လတ်ဆတ်သော ဟင်းသီး၊ ဟင်းရွက်များ စားရပါမည်။ အကိုက်အခဲပျောက်ဆေး Aspirin၊ Analgesin တို့ကိုရှောင်ပါ။

ချွေးစုပ်၍ လေဝင်လေထွက်များသော အဖြူရောင်၊ ဖျော့သောအရောင်၊ ချည်ထည်ပွပွများ ဝတ်ဆင်ပါ။ ထူထဲ၍ လေဝင်လေပေါက်မပါသော ရေယွန်၊ နိုင်လွန်၊ ဂျင်း၊ အရောင်တောက်သော ဘောင်းဘီ၊ အင်္ကျီအထပ်ထပ်မဝတ်ဆင်ရပါ။ ကျပ်တည်းသောအဝတ်များ ၊ဘောင်းဘီ၊ အင်္ကျီလက်ရှည်များသည် အရေးပေါ် အသက်ကယ်ဆယ်ရာတွင် နှောင့်နှေးကြန့်ကြာစေပါသည်။

နေပူထဲထွက်လျှင် ထီး၊ ဦးထုပ် တို့ကိုဆောင်း၍ နေကာမျက်မှန်တပ်ဆင်ပြီး ထွက်ပါ။ ဖိနပ်အလုံစီးခြင်းကို ရှောင်ကြဉ်သင့်ပါသည်။ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအတွင်းသည် အပူဆုံးအချိန်ဖြစ်၍ အပြင်ထွက်ခြင်း၊ ရေချိုးခြင်းတို့ကို ရှောင်ကြဉ်သင့်ပါသည်။

မိတ်ဖု၊ ယားယံဖုများကို သနပ်ခါးရည်ကျဲနှင့် ခရေပန်းခြောက်သွေး၍လူးခြင်း၊ ရေခဲဖတ်အုပ်ခြင်း၊ မက်ဇင်ကယ်လူးခြင်း၊ ကရမက်ရည်ကျဲ သွေးလူးခြင်းတို့ကို ပြုလုပ်ရပါမည်။

ပူပြင်းသောအချိန် အေးမြစိမ်းလန်းသော သစ်ပင်ရိပ်ကြီးများအောက်၌ နားနေသင့်ပါသည်။ ယပ်တောင်၊ ပန်ကာ၊ လေအေးပေးစက်တို့ကို သုံးသင့်ပါသည်။ နေထိုင်သင့်ပါသည်။ အပူနှင့်ဆက်စပ်၍ လုပ်ကိုင်နေရသော တောင်သူလယ်သမားကြီးများ၊ ကာယလုပ်သားများ၊ လေလုံသောအခန်း၌ လုပ်ရသောလုပ်သား၊ ပင်ပန်းအားစိုက်ရသော မိုင်း၊ သံရည်ကျို၊ ဝပ်လျှော့၊ စက်ရုံလုပ်သားများ၊ ပူလွန်းသောဒေသရှိလူများသည် နားနားနေနေ လုပ်ကိုင်သင့်ပါသည်။ ဓာတ်ဆားရည်၊ အေးမြသောရေများ သောက်ပါ။ ပူပြင်းချိန်၌ ပြင်းထန်သော လေ့ကျင့်ခန်းနှင့် အားကစားပြုလုပ်ခြင်းကို ရှောင်ကြဉ်ပါ။ စိတ်ကိုအေးချမ်းစွာ နေထိုင်ရပါမည်။

ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အမြဲစိမ်းသောသစ်တောနှစ်ရှည်ပင်၊ အရိပ်ရပင်၊ ပန်းပင်များစိုက်ပျိုးခြင်းဖြင့် ဥတုရာသီတောကိုမှီဆိုသလို ပတ်ဝန်းကျင်လေထုကိုသန့်စင်၍ အေးမြသောအရိပ်အာဝါသနှင့် မျက်စိပသာဒရှိပြီး အပူချိန်သက်သာစေပါသည်။ ယခုကဲ့သို့ ပူအိုက်သောရာသီတွင် စိမ်းစိုသောသစ်ပင်ရိပ်အောက်မှာနေ၍ လေပြည်လေညင်းကလေး ရှူရှိုက်ရသည်နှင့် တစ်ကိုယ်လုံးအေးမြကာ အမောပြေစေပါသည်။

သစ်ပင်စိုက်ခြင်းဖြင့် မိမိလည်းအေးမြ၊ ခရီးသွားများလည်း အေးမြသော အရိပ်ရ၍ ကုသိုလ်ထူးရရှိစေသည်။ သစ်တောသစ်ပင်များဖြင့် ပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်စေပါသည်။ ဥတုရာသီ ပူပြင်းသည့်အချိန်တွင် အေးမြသောရေနှင့် အစားအစာ၊ အရိပ်အာဝါသကို မျှော်လင့်တောင့်တသည်မှာ ဓမ္မတာဖြစ်ရာ သစ်တော၊ သစ်ပင်များ ရှင်သန်တိုးပွားရေး ဝိုင်းဝန်းထိန်းသိမ်းကြရပါမည်။ စုပေါင်း၍ သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင်အပူရှိန် မြင့်မားခြင်းကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်သွားကြရန်လိုအပ်ပါသည်။

နေပူသည့်အခါ သစ်ရိပ်၊ ဝါးရိပ် အောက်မှာ နေထိုင်သွားလာပါ။ အပူဒဏ်ကြောင့် ဖျားနာခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းများ ဖြစ်ပွားပါက နီးစပ်ရာဆေးရုံများသို့ အချိန်မီ သွားရောက်ပြသကုသပါ။ ထို့ထက် ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များကို အစဉ်သတိပြုလိုက်နာ နေထိုင်စားသောက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် မင်္ဂလာတောင်ညွန့်မြို့နယ် (၁၂၁) လမ်းမှ ကွယ်လွန်သူ ဦးညွန့်အောင်–ဒေါ်မြင့်သောင်း၊ ဒေါ်မွေးတို့အား ရည်စူး၍ ဦးမောင်လုံ၊ သမီးမမြင့်မြင့်ဆွေ မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)



ကမာရွတ်မြို့နယ် (၈)ရပ်ကွက် သီရိမင်္ဂလာလမ်းနေ ဒေါက်တာဦးယဉ်ထွန်း (နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင်)–ဒေါ်ခင်အေးအေး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဆောက်လုပ်နေသော ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။

(က–ပ)



အီရတ်တွင် ဗုံးပေါက်ကွဲမှုများကြောင့် လူ ၁၀၀ကျော် သေဆုံး

ဘဂ္ဂဒက် မတ် ၃၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်းရှိ ရပ်ကွက်တွင် ကြာသပတေးနေ့က ကားဗုံးလေးလုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေမှာ ၄၃ဦးထိမြင့်တက်လာသည်ဟု ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ကားလစ်ဒေသရှိ နေရာလေးနေရာ၌ ကားဗုံးလေးလုံးဆက်တိုက် ပေါက်ကွဲမှုကြောင့် ၈၆ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု အမည်မဖော်လိုသည့် သတင်းရပ်ကွက်က ပြောကြားသည်။

ဖော်ပြ

ယင်းပေါက်ကွဲမှုကြောင့် ၂၅ဦးထက်မနည်း သေဆုံးပြီး လူ ၇၀ ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရုပ်မြင်သံကြားက အစောပိုင်းတွင် ဖော်ပြသည်။

ပထမကားဗုံးတစ်လုံးမှာ ဘဏ်အနီး၌ ပေါက်ကွဲခဲ့ပြီး ဒုတိယတစ်လုံးမှာ ကျောင်းတစ်ခုအနီး၌ ဖြစ်ပွားခဲ့သည်။ တတိယကားဗုံးမှာ စစ်ဆေးရေးဂိတ်၌ ပေါက်ကွဲခဲ့သည်။ နောက်ဆုံး ကားဗုံးမှာ တရားရုံးအနီး၌ ပေါက်ကွဲခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒီရားလားပြည်နယ် ကားလစ်မြို့သည် အုပ်စုနှစ်စုအကြား ဂိုဏ်းဂဏ တိုက်ခိုက်မှုများ ဖြစ်ပွားလေ့ရှိသည့် ဒေသဖြစ်သည်။

ထို့ပြင် ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း၌ ဈေးအတွင်း ဗုံးပေါက်ကွဲခဲ့ရာ သေဆုံးရသူဦးရေ ၆၀ကျော်ရှိကြောင်း မတ် ၂၉ရက်နေ့တွင် ထုတ်ပြန်သည့် ပြည်ထဲရေးဌာနသတင်းက ဖော်ပြသည်။

ဈေးအတွင်း ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရသူဦးရေမှာ ၂၅ဦးရှိကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

မတ် ၂၉ရက်က တရုတ်နိုင်ငံ လျောင်နင်းပြည်နယ် ရှန်ယန်းမြို့ရှိ သံမဏိစက်ရုံ လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗင်နီဇွဲလားမှ ရေနံစိမ်း တရုတ်သို့ တင်ပို့ရောင်းချမည်

ကာရာကတ်စ် မတ် ၂၉

ဗင်နီဇွဲလားနိုင်ငံသည် အမေရိကန်ပြည်ထောင်စုသို့ စွမ်းအင်တင်ပို့ ရောင်းချမှုကို လျှော့ချလိုက်ပြီး ရေနံစိမ်းနှင့် လောင်စာဆီများကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရန် တနင်္လာနေ့က သဘောတူညီချက်များကို လက်မှတ်ရေးထိုးလိုက်သည်။

ဗင်နီဇွဲလားက တရုတ်နိုင်ငံသို့ ၂၀၀၇ ခုနှစ်အတွင်း နေ့စဉ် ရေနံစိမ်းပီပါ ၃၀၀၀၀၀ ခန့် တင်ပို့ရောင်းချမည်ဟု အထက်တန်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံက တရုတ်နိုင်ငံသို့ ရေနံ တင်ပို့သည့်နိုင်ငံတစ်နိုင်ငံ ဖြစ်စေလိုကြောင်း ချာဗက်ဇ်က တာဝန်ရှိပုဂ္ဂိုလ်များသို့ ပြောကြားခဲ့သည်။ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ရေနံ ဒုတိယ အဝယ်အများဆုံးနိုင်ငံ ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

မိကျောင်းသားပေါက်များကို မှောင်ခိုထုတ်ရန်ကြိုးပမ်းသူ နယ်စပ်တွင် အဖမ်းခံရ

ဂျေရုဆလင် မတ် ၂၉

မိကျောင်းပေါက် သုံးကောင်ကို မှောင်ခိုထုတ်ရန် ကြိုးပမ်းသည့် ပါလက်စတိုင်း အမျိုးသမီးတစ်ဦးကို ဂါဇာ-အီဂျစ် နယ်စပ်တွင်ဖမ်းဆီးရမိကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

အဆိုပါ မိကျောင်းများကို ဂါဇာဒေသရှိ တိရစ္ဆာန်ရုံသို့ ပို့ဖွယ်ရှိသည်ဟု ရာဖာနယ်ခြား ဖြတ်ကျော်ရေးစခန်းရှိ ပြောရေးဆိုခွင့်ရှိသူ တယ်လာရီယာက ပြောကြားသည်။ ၎င်းပါလက်စတိုင်း အမျိုးသမီးသည် အီဂျစ်နိုင်ငံမှ ဂါဇာဒေသသို့ ဝင်ရောက်ရန် ကြိုးပမ်းရာ အမျိုးသမီးရဲက ရှာဖွေစစ်ဆေးခဲ့ရာမှ မိကျောင်းငယ်များကို တွေ့ရှိခြင်းဖြစ်သည်။ ခါးတွင် မိကျောင်းများကို ချည်နှောင်ထားသဖြင့် ၎င်းခြုံထားသည့် ဝတ်ရုံ ဖောင်းပွလျက်ရှိရာ သင်္ကာမကင်းဖြစ်၍ စစ်ဆေးရှာဖွေခဲ့ခြင်း ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

မတ် ၂၉ရက်က အင်္ဂလန်အနောက်မြောက်ပိုင်း ချက်စတာမြို့၌ ကျင်းပသည့် စားနပ်ရိက္ခာနှင့် အဖျော်ယမကာကုန်စည်ပြပွဲတွင် အချိုရည်ဘူးများအား ခင်းကျင်းပြသထားသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မော်တော်ယာဉ် ၁၆၁၀၈ စီး ဟွန်ဒါကုမ္ပဏီ ပြန်လည်သိမ်းယူ

ဂျကာတာ မတ် ၂၉

ဂျပန်ဟွန်ဒါမော်တော်ယာဉ် ထုတ်လုပ်သည့်ကုမ္ပဏီသည် အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့ရောင်းချသည့် ဟွန်ဒါ မော်တော်ယာဉ်များ၏ အင်ဂျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်ရန် ၂၀၀၅-၂၀၀၆ ခုနှစ်ထုတ် မော်တော်ယာဉ်စီးရေ ၁၆၁၀၈ စီးကို ပြန်လည်သိမ်းယူလိုက်သည်။

ပြန်လည်သိမ်းယူသည့် မော်တော်ယာဉ်များမှာ ၂၀၀၅ မတ်လထုတ်နှင့် ၂၀၀၆ခုနှစ်စက်တင်ဘာလထုတ်ဟွန်ဒါ မော်တော်ယာဉ် ၁၅,၄၃၅ စီး ၊ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီမှ ၂၀၀၆ စက်တင်ဘာအထိ ထုတ်လုပ်သော အိုဒီဆေး ဟွန်ဒါယာဉ်ငယ် ၅၂၃ စီး၊ ၂၀၀၅ ခုနှစ် စက်တင်ဘာနှင့် ၂၀၀၆ ခုနှစ် ဩဂုတ်လထုတ် ဟွန်ဒါအက်ကော့ရင် မော်တော်ယာဉ် ၁၅၀တို့ဖြစ်သည်။

ဂျပန်နိုင်ငံတွင် ယင်းမော်တော်ယာဉ်များ ထုတ်လုပ်ခဲ့ရာတွင် အပြစ်အနာအဆာတွေ့ရှိခဲ့ပြီး အဆိုပါ မော်တော်ယာဉ်များကို ပြန်လည်သိမ်းယူခဲ့ခြင်းဖြစ်သည်။ ဂျပန်၊ တရုတ်၊ ဩစတြေးလျ၊ အမေရိကန်နှင့် အင်ဒိုနီးရှားနိုင်ငံများရှိ မော်ဒယ်ပုံစံ သုံးမျိုး မော်တော်ယာဉ်များကိုပြန်လည်သိမ်းယူခဲ့ခြင်း ဖြစ်သည်ဟု အိပ်ချ်ပီအမ် အရောင်းမန်နေဂျာ ဖင်ဒီက ပြောကြားသည်။

စက်ပိုင်းဆိုင်ရာပြဿနာရှိနေသည့် အဆိုပါ မော်တော်ယာဉ်များကို ဝယ်ယူသူများအနေဖြင့် နီးစပ်ရာ အရောင်းဆိုင်များသို့ သွားရောက်ကာ အခမဲ့ ပြင်ဆင်နိုင်သည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရာမာဒီမြို့တွင် ကားဗုံးပေါက်ကွဲ ၁၇ဦး သေဆုံး

ရာမာဒီ မတ် ၂၉

အီရတ်နိုင်ငံ ရာမာဒီမြို့ မြောက်ပိုင်းရှိ အထင်ကရ လမ်းမကြီးပေါ်မှ စားသောက်ဆိုင် အပြင်ဘက်တွင် အင်္ဂါနေ့က ကားဗုံးပေါက်ကွဲသဖြင့် ၁၇ ဦး သေဆုံးပြီး ဒါဇင်ပေါင်း များစွာ ဒဏ်ရာရရှိကြောင်း ရာမာဒီ ဆေးရုံ သတင်းရပ်ကွက်က ပြောကြား သည်။

ယင်းပေါက်ကွဲမှုကြောင့် သေဆုံးသူနှင့် ဒဏ်ရာရရှိသူများတွင် အဆင့်မြင့်ရဲအရာရှိတစ်ဦးပါဝင်သည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဇမ်ဘီယာတွင် ရေလွှမ်းမိုးမှုဖြစ်ပွား အရေးပေါ်ရိက္ခာလိုအပ်

လူဆာကာ မတ် ၂၉

ဇမ်ဘီယာနိုင်ငံတွင် ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့သဖြင့် ပြောင်းဖူးသီးနှံများ ပျက်စီးပြီး လူထောင်ပေါင်းများစွာ အိုးအိမ်များ ဆုံးရှုံးခဲ့ရကြောင်း၊ ဇမ်ဘီယာပြည်သူလူထု ၁ ဒသမ ၄ သန်းကျော်အတွက် စားနပ်ရိက္ခာ လိုအပ်နေကြောင်း ဒုတိယသမ္မတ ရူပီးယားဘန်ဒါက ပြောကြားသည်။

ဇမ်ဘီယာနိုင်ငံရှိ ခရိုင် ၇၃ခု သည် ရေလျှံမှု ဒဏ်ခံရပြီး ပြောင်းဖူး၊ ပီလောပီနံ၊ လူးဆတ်နှင့် နှံစားပြောင်းသီးနှံများ ပျက်စီးခဲ့သည်ဟု ၎င်းက ပြောကြားသည်။

ရေလျှံသည့် အန္တရာယ်ကြောင့် လူ ၁,၄၄၃,၅၆၃ ဦးခန့် ဒုက္ခရောက်ပြီး လူပေါင်း ၂၉၅,၁၄၈ ဦးခန့်မှာ အရေးပေါ်စားနပ်ရိက္ခာအကူအညီ လိုအပ်နေသည်ဟု ဇမ်ဘီယာဒေလီမေ သတင်းစာက ဖော်ပြသည်။

အာဖရိကတိုက် တောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ဇမ်ဘီယာ ကျေးလက်ဒေသမှ အိုးအိမ်၊ စာသင်ကျောင်းနှင့်ဆေးခန်းများ ပျက်စီးခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ယူကရိန်း ကျောက်မီးသွေးတွင်း မီးလောင် မိုင်းလုပ်သားများကို ကယ်တင်နိုင်

ကိယက်ဗ် မတ် ၂၉

ယူကရိန်းနိုင်ငံရှိ ကျောက်မီးသွေးတွင်းတွင် တနင်္လာနေ့က မီးလောင်ခဲ့ပြီးနောက် ကယ်ဆယ်ရေးအဖွဲ့များက မိုင်းလုပ်သား ၆၀၀ ကျော်တို့ကို ဘေးမသီရန်မခ နေရာရွှေ့ပြောင်းပေးခဲ့ကြောင်း အရေးပေါ် ဝန်ကြီးဌာနက ပြောကြားသည်။

လွန်ခဲ့သည့်ရက်သတ္တပတ်ကလည်း ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသရှိ မိုင်းတွင်းတွင် မြေအောက်ပေါက်ကွဲမှု ဖြစ်ပွားခဲ့သဖြင့် ၁၀၈ ဦးထက်မနည်း သေဆုံးခဲ့သည်။ ၁၉၉၁ ခုနှစ် နောက်ပိုင်းတွင် အဆိုးရွားဆုံးသော မတော်တဆဖြစ်ရပ်ပင်ဖြစ်သည်။

စုစုပေါင်း မိုင်းတူးသူ ၆၀၈ ဦးကို ရွှေ့ပြောင်းပေးခဲ့ကြောင်း၊ မိုင်းတူးသူ ၂၆ ဦးသည် ကယ်ဆယ်ရေးအဖွဲ့ကို အကူအညီပေးနိုင်ရန် မြေအောက်တွင် ဆက်လက်ရှိနေခဲ့ကြောင်း ယူကရိန်း အရေးပေါ်ဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ယခင် ဆိုဗီယက်ပြည်ထောင်စုဝင်နိုင်ငံများရှိ မိုင်းတွင်းများတွင် မတော်တဆဖြစ်ရပ်များကြောင့် လူရာချီ၍ သေဆုံးခဲ့ရသည်။ ကျောက်မီးသွေးမိုင်းမှာ နက်ပြီး ပြုပြင်ထိန်းသိမ်းမှု အားနည်းကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။



မတ် ၂၇ရက်က စင်ကာပူနိုင်ငံ၌ ကျင်းပသည့် ဇီဝအကြမ်းဖက်မှု တိုက်ဖျက်ရေး နည်းပညာပြပွဲတွင် နောက်ဆုံးပေါ် ကာကွယ်ဆေးသစ်များကို ပြသထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်ရန် အင်ဒိုနီးရှားအစိုးရ ဆက်လက်ကြိုးပမ်းမည်

ဂျကာတာ မတ် ၂၉

အင်ဒိုနီးရှားနိုင်ငံတွင် နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်မှုကို အစိုးရက ဆက်လက်အားထုတ်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ဂျကာတာပို့စ်သတင်းစာက မတ် ၂၇ ရက်တွင် ဖော်ပြထားသည်။

အဆိုပါ နျူကလီးယား ဓာတ်အားပေးစက်ရုံကို ၂၀၁၀ ပြည့်နှစ်တွင် စတင်တည်ဆောက်မည်ဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် စတင်လည်ပတ်မည် ဖြစ်ကြောင်း၊ အမျိုးသားရေးမူဝါဒအရ ယင်းဓာတ်အားပေး စက်ရုံကို တည်ဆောက်ခြင်း ဖြစ်ကြောင်း သုတေသနနှင့်နည်းပညာဌာနဝန်ကြီး ကူမာယန်ကို ကာဒီမန်၏ ပြောကြားချက်ကို ကိုးကား၍ သတင်းစာ၌ ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အိန္ဒိယနိုင်ငံ မဟင်ဒြာမြို့ရှိ ဘီအမ်ဒဗလျူ မော်တော်ယာဉ် အလုပ်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို မတ် ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်လေဆိပ်များတွင် လုံခြုံရေးဝန်ထမ်း အင်အားတိုးမြှင့်မည်

လန်ဒန် မတ် ၂၉

ဗြိတိန်လေဆိပ်များတွင် လေဆိပ်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေသော ဘီအေအေကုမ္ပဏီသည် ဝန်ထမ်းအင်အားတိုးမြှင့်ရန် အစီအစဉ်များ ရေးဆွဲချမှတ်လျက်ရှိကြောင်း၊ ခရီးသည်များအား လေဆိပ်၌ စိစစ်သည့်လုပ်ငန်းကို အမြန်ဆုံး လုပ်ဆောင်ပေးနိုင်ရန် ဘီအေအေက ကြိုးပမ်းမည်ဖြစ်ကြောင်း မတ် ၂၉ ရက် အင်တာနက်သတင်း၌ ဖော်ပြထားသည်။ လေဆိပ်လုံခြုံရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကြန့်ကြာမှုများရှိသဖြင့် ခရီးသည်များ စိတ်ပျက်လျက်ရှိကြောင်းဖြင့် ဘီအေအေကုမ္ပဏီအား ဝေဖန်ခဲ့ကြသည်။

အတ္တလန္တိတ်သမုဒ္ဒရာ ဖြတ်ကျော်ပျံသန်းသည့် လေယာဉ်တစ်စင်းအား ဗုံးခွဲတိုက်ခိုက်ရန် စီစဉ်ထားမှုကို ဗြိတိသျှရဲတပ်ဖွဲ့က ဖြိုခွင်းလိုက်နိုင်ပြီးနောက် ယင်းဝေဖန်မှုများ ပေါ်ထွက်ခဲ့သည်။ လေယာဉ်များဗုံးခွဲခံရမှုကို ကာကွယ်နိုင်ရန် ခရီးဆောင်သေတ္တာများအား စစ်ဆေးသည့်လုပ်ငန်းကို တိုးမြှင့်ပြုလုပ်ခဲ့ရသဖြင့် ခရီးစဉ်များ နှေးကွေးကြန့်ကြာခဲ့ရသည်။

ဘီအေအေကုမ္ပဏီသည် လန်ဒန် ဟီးသရိုးလေဆိပ်နှင့် ဂက်ဝစ်ချ်လေဆိပ်တို့၏ လေဆိပ်ဝန်ဆောင်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။ ခရီးသည်များအား စိစစ်ရာတွင် မိနစ်ပိုင်းအတွင်း စိစစ်မှုလုပ်ငန်းပြီးစီးစေရန် နောက်ထပ်လုံခြုံရေးဝန်ထမ်း ၁၄၀၀ ကို ငှားရမ်းအသုံးပြုရမည်ဖြစ်သည်။ ထို့ပြင်လုံခြုံရေး စိစစ်သည့်နေရာ ၂၂ နေရာအထိ တိုးမြှင့်ဖွင့်လှစ်ရန် လိုအပ်ကြောင်း ဘီအေအေက ပြောကြားသည်။

အင်တာနက်။

ဇင်ဘာဘွေတွင် ဆင်ကောင်ရေ လျှော့ချရန်စီစဉ်

ဟာရာရေး မတ် ၂၉

ဇင်ဘာဘွေ အစိုးရက သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု နည်းပါးစေရန်အတွက် တိုးပွားလာသည့် ဆင်ကောင်ရေကို လျှော့ချမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။

ဆင်သောင်းကျန်း တစ်ကောင်သည် ဗြိတိန်အမျိုးသမီးနှင့် ၎င်း၏ ၁၀ နှစ်ရွယ် သမီးကို ဇင်ဘာဘွေနိုင်ငံ အနောက်မြောက်ပိုင်းရှိ ဟွမ်ဂျီ အမျိုးသား ဥယျာဉ်တွင် စနေနေ့က နင်းသတ်ခဲ့ပြီးနောက် ဖော်ပြပါသတင်း ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ တောဆင်ရိုင်းများသည် ကျေးရွာများအတွင်း တရကြမ်းဝင်ရောက်ကာ သီးနှံနှင့် လူတို့၏ ပစ္စည်းပစ္စယများကို မကြာခဏ ဖျက်ဆီးနေသည်။

ဇင်ဘာဘွေ၏ ဆင်ကောင်ရေသည် ရှိသင့်သည် ကောင်ရေ ၄၅၀၀၀ ထက် နှစ်ဆကျော်လျက်ရှိပြီး ၁၀၀၀၀၀ အထိ ရောက်ရှိနေသည်ဟု ဇင်ဘာဘွေ ဥယျာဉ်နှင့်တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဌာနက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဂျပန်နိုင်ငံ တိုကျိုဆေးတက္ကသိုလ်တွင် ပညာရေးအထောက်အကူပြု သင်ကြားရေး စက်ရုပ်တစ်ရုပ်အား အသုံးပြု၍ လေ့ကျင့်နေသည်ကို မတ် ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စပျစ်သီးအစေ့တွင် ပါဝင်သည့်ဓာတ်ပစ္စည်း အရေပြားကင်ဆာကို ကာကွယ်ပေးနိုင်ဟုဆို

နယူးယောက် မတ် ၂၉

နေရောင်ခြည်တွင်ပါသော ခရမ်းလွန်ရောင်ခြည်သည် အရေပြားကင်ဆာရောဂါကို ဖြစ်ပွားစေသည်ဟု သိရှိရသည်။ စပျစ်သီးအစေ့တွင် ပါဝင်သော ဓာတ်ပစ္စည်းသည် အရေပြားကင်ဆာရောဂါကို ကာကွယ်ပေးနိုင်သည့် လေ့လာတွေ့ရှိချက်ကို မတ် ၂၅ ရက်က ချီကာဂိုမြို့၌ ကျင်းပသော အမေရိကန်ဓာတုဗေဒအဖွဲ့ အစည်းအဝေးတွင် တင်ပြခဲ့သည်။

အမွေးအမှင်မရှိသော ကြွက်များကို အသုံးပြုပြီး ခရမ်းလွန် ရောင်ခြည်ပေး၍ စမ်းသပ်ခဲ့ကြောင်း အယ်လ်ဘားမား တက္ကသိုလ်မှ သုတေသီများက တင်ပြခဲ့သည်။ ယင်းကြွက်များကို အစာကျွေးရာ၌ အချို့ကို စပျစ်စေ့တွင်ပါသော ပရိုအန်သိုကာနီဒင် (ဂျီအက်စ်ပီ) ဓာတ်ကိုထည့်၍ ကျွေးပြီး၊ အချို့ကို ယင်းဓာတ်ပစ္စည်းကို ထည့်၍ မကျွေးခဲ့ပေ။

ဂျီအက်စ်ပီဓာတ် ထည့်ကျွေးသော ကြွက်များသည် အရေပြား ကင်ဆာရောဂါဖြစ်ပွားမှုကို ဟန့်တားနိုင်ကြောင်း အဆိုပါ အစည်းအဝေး၌ လေ့လာရေးဥက္ကဋ္ဌ ဒေါက်တာ ဆန်သို့ချ်ကေ ကာတီယာက ပြောကြားသည်။

ဂျီအက်စ်ပီ ဓာတ်ကို ကျွေးမွေးထားသော ကြွက်များသည် ယင်းဓာတ်ကို မကျွေးဘဲထားသော ကြွက်ထက် ပုံသဏ္ဍာန်မမှန်သော ကြွက်သားများ ဖြစ်ပေါ်မှု ၆၅ ရာခိုင်နှုန်းနည်းပါးစေသည်။ ထို့ပြင် ပုံသဏ္ဍာန် မမှန်သော ကြွက်သားများ ဖြစ်ပေါ်မှုသည် ဂျီအက်စ်ပီအစာကို ကျွေးထားသော ကြွက်သည် အခြားသော ကြွက်ထက် ၇၈ ရာခိုင်နှုန်း နည်းပါးကြောင်း စမ်းသပ်တွေ့ရှိရသည်။

ဂျီအက်စ်ပီ ဓာတ်ပါသော အစာကို ပုံမှန်စားသုံးခြင်းသည် အရေပြားကင်ဆာရောဂါ ကာကွယ်ရာ၌ အကျိုးအာနိသင်ရှိကြောင်း ယင်းစမ်းသပ်ချက် အရသိရှိကြောင်း ကာတီယာက ပြောကြားခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် မြည်းဆွဲလှည်းပြိုင်ပွဲ ကျင်းပနေသည်ကို မတ် ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်အထည်အလိပ်လုပ်ငန်း ယခုနှစ်တွင် ပိုမိုတိုးတက်မည်

ပေကျင်း မတ် ၂၉

တရုတ်နိုင်ငံ အထည်အလိပ်လုပ်ငန်းသည် ၂၀၀၇ ခုနှစ်တွင် ထုတ်လုပ်မှုတန်ဖိုးအရ လည်းကောင်း၊ အမြတ်ဝင်ငွေရရှိမှုအရ လည်းကောင်း၊ ပြည်ပသို့ တင်ပို့နိုင်မှုအရ လည်းကောင်း ၁၅ ရာခိုင်နှုန်း ပိုမိုတိုးမြင့်လာမည်ဖြစ်ကြောင်း အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲ ရေးကော်မရှင် (အင်ဒီအာရ်စီ)မှ ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားသည်။

ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ခေတ်မီနည်းပညာဖြင့် တရုတ်နိုင်ငံ၏ အထည်အလိပ်လုပ်ငန်းကို တိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း အင်ဒီအာရ်စီက ပြောကြားသည်။ တရုတ်နိုင်ငံ အထည်အလိပ်လုပ်ငန်းသည် ၂၀၀၆ ခုနှစ်တွင် ယွမ် ၂၁ဒသမ၄၆ထရီလီယံ(အမေရိကန်ဒေါ်လာ ၃၀၇ဒသမ၇ဘီလီယံ)တန်ဖိုးရှိအထည်အလိပ်များကို ထုတ်လုပ်ခဲ့ရာ ယမန်နှစ်ကထက် ၂၁ဒသမ ၃ ရာခိုင်နှုန်း တိုးမြင့်ထုတ်လုပ်နိုင်သည်။ အမြတ်ငွေ ယွမ် ၈၈ ဒသမ ၃ဘီလီယံရရှိပြီး ပြီးခဲ့သောနှစ်ကထက် ၂၈ ရာခိုင်နှုန်း ပိုမိုရရှိသည်။ အထည်အလိပ် တင်ပို့ကုန်လုပ်ငန်းတွင် ၂၀၀၆ ခုနှစ်က ယွမ် ၁၄၇ ဒသမ ၁ ဘီလီယံရရှိပြီး ၂၀၀၅ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၅ ဒသမ ၁ ရာခိုင်နှုန်း ပိုမို ရရှိခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပေါ်တူဂီတောင်ပိုင်းတွင် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံဖွင့်လှစ်

ဆာပါ(ပေါ်တူဂီ) မတ် ၃၀

ပေါ်တူဂီနိုင်ငံတောင်ပိုင်းရှိ သံလွင်ပင်များပေါက်ရောက်နေသည့် တောင်တန်းတွင်ကမ္ဘာ့အကြီးဆုံး နေရောင်ခြည်စွမ်းအင်သုံး စက်ရုံများတွင်ပါဝင်သော စက်ရုံတစ်ရုံက အိမ်ခြေ ၈၀၀၀ ခန့်အတွက် ဗုဒ္ဓဟူးနေ့က လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးနေပြီဖြစ်သည်။ အဆိုပါစက်ရုံသည် ကမ္ဘာပေါ်တွင် နေရောင်ခြည်စွမ်းအင်အများဆုံး ထုတ်လုပ်ပေးသည့်စက်ရုံဖြစ်သည်ဟု ပြန်လည်အသုံးပြုနိုင်သည့် စွမ်းအင်ဌာန၏ ဦးဆောင်ညွှန်ကြားရေးမှူး ကီဗင်ဝဲကပြောကြားသည်။

ပေါ်တူဂီနိုင်ငံတွင် နေရောင်ခြည် ကောင်းစွာ ရရှိမှုနှင့်အတူ အဆင့်မြင့်နည်းပညာအသုံးပြုလျက်ရှိကြောင်း၊ အဆိုပါစက်ရုံသည် တစ်နှစ်လျှင် ဂီဂါဝပ်-နာရီ ၂၀ ကျော် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားများ

မြစ်ကြီးနား၊ လားရှိုး၊ ကျိုင်းတုံ၊ တောင်ကြီး၊ မန္တလေး၊ မော်လမြိုင်နှင့် တောင်ငူမြို့တို့၌ကျင်းပ

နေပြည်တော် မတ် ၂၀

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ် ၂၇ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ တိုင်းစစ်ဌာနချုပ် တပ်နယ်စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ရေးပြတပ်ခွဲများက စစ်ရေးပြကွင်းအတွင်း သတ်မှတ်နေရာများ၌ နေရာယူကြပြီး ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာ(၄)ချက် ရွတ်ဆိုခြင်းများကို စစ်ရေးပြအစီအစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် တိုင်းမှူးက (၆၂)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းပြောကြားပြီး (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဆုရရှိသူများနှင့် အကောင်းဆုံးစစ်ရေးပြဆုရ စစ်ရေးပြတပ်ခွဲ များအား ဆုများ ပေးအပ်ချီးမြှင့်ကာ ဖွင့်လှစ်ပြသထားသည့် ဝန်ကြီးဌာနအလိုက် ဌာနဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အလားတူ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို မတ် ၂၇ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ တိုင်းစစ်ဌာနချုပ်စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်နှင့် တပ်မတော်အရာရှိကြီးများ၊ စစ်ရေးပြတပ်ခွဲ များ၊ တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံအားအလေးပြုခြင်း၊ ကျဆုံးလေပြီး သော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာ(၄)ချက်ရွတ်ဆိုခြင်းများကို စစ်ရေးပြအစီအစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းမှူးက (၆၂)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းပြောကြားပြီး စစ်ရေးပြဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာ၌ကျင်းပသည့် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ၌ ပထမဆုရရှိကြသူများ၊ သူရဲကောင်းမှတ်တမ်းဝင် ရရှိကြသူများနှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် ရရှိကြသူများအား ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့အတူ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ် ၂၇ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ တိုင်းစစ်ဌာနချုပ်စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တပ်မတော်အရာရှိကြီးများ၊ စစ်ရေးပြတပ်ခွဲများ၊ တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံအားအလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာ(၄)ချက်ရွတ်ဆိုခြင်းများကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းမှူးက (၆၂)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် ပြည့်ငြိမ်းအေးခန်းမ၌ ကျင်းပသည့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်၍ ပထမဆု ရရှိကြသူများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဂုဏ်ပြုဆုငွေများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ညပိုင်းတွင် တိုင်းမှူးသည် ပြည့်ငြိမ်းအေးခန်းမ၌ ကျင်းပသည့် (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဒေသခံတိုင်းရင်းသားများနှင့် စေတနာရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံ၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးက တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အလားတူ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ်လ ၂၇ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ တိုင်းစစ်ဌာနချုပ်စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ တပ်မတော်အရာရှိကြီးများ၊ စစ်ရေးပြတပ်ခွဲများ၊ တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာ (၄)ချက် ရွတ်ဆိုခြင်းတို့ကို စစ်ရေးပြအစီအစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် တိုင်းမှူးက (၆၂)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ကျင်းပသည့် တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ တပ်မတော်နေ့ အထိမ်းအမှတ်စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ စစ်ရေးပြ အခမ်းအနားတွင် ဆုရစစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူးက တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထို့အတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ်လ ၂၇ရက် နံနက်ပိုင်းတွင် မန္တလေးနန်းမြို့ ကျောက်တိုက်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ တပ်မတော်အရာရှိကြီးများ၊ စစ်ရေးပြတပ်ခွဲများ၊ တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာ(၄)ချက် ရွတ်ဆိုခြင်းများကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းမှူးက(၆၂)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် တိုင်းမှူးသည် နန်းမြို့ ဧည့်ရိပ်သာမြက်ခင်းပြင်၌ ကျင်းပသည့် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ပြီး ခင်းကျင်းပြသထားသော (၆၂)နှစ်မြောက် တပ်မတော်နေ့ ဓာတ်ပုံမှတ်တမ်းများနှင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကွန်ပျူတာပန်းချီဆုရ မှတ်တမ်း နံရံကပ်ဘုတ်များကိုကြည့်ရှုအားပေးသည်။

ထို့နောက် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်တိုင်းအဆင့် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ ကဗျာ၊ စာစီစာကုံး၊ ပန်းချီ၊ ကွန်ပျူတာပန်းချီ၊ ကျပန်းစကားပြော၊ မူကြိုကလေးငယ်များကဗျာရွတ်ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး တိုင်းမှူးက တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အလားတူ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ်လ ၂၇ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ စစ်ရေးပြတပ်ခွဲများ၊ တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံ အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာ(၄)ချက် ရွတ်ဆိုခြင်းများကို စစ်ရေးပြအစီအစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းမှူးက (၆၂)နှစ်မြောက်တပ်မတော်နေ့ မိန့်ခွန်းပြောကြားပြီး တပ်မတော်နေ့ အထိမ်းအမှတ်စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အတူ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ်လ ၂၇ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့ တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တပ်မတော်အရာရှိကြီးများ၊ စစ်ရေးပြတပ်ခွဲများသည် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာ(၄)ချက် ရွတ်ဆိုခြင်းများကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းမှူးက (၆၂)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးသည် တိုင်းခန်းမ၌ ကျင်းပသည့် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်၍ ပထမဆုရရှိကြသူများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းစီကို ပေးအပ်ချီးမြှင့်သည်။

ညပိုင်းတွင် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာမြက်ခင်းပြင်၌ ဧည့်ပရိသတ်များအား တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မတ် ၂၀ရက်က လှိုင်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင်ကျင်းပသည့် ၂၀၀၇ ခုနှစ် (၂၆)ကြိမ်မြောက် ပါဠိပထမပြန်စာမေးပွဲ ဝင်ရောက်ဖြေဆိုတော်မူကြသည့် စာဖြေသံဃာတော်များအား မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့က ကြည့်ရှုစစ်ဆေး ကြပ်မတ်ဆောင်ရွက်စဉ်။ (က-ပ)

မတ် ၂၈ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (အရှေ့)ရပ်ကွက် (၉၃)လမ်းနေ ဦးအောင်သန်း (မြို့နယ်သတင်းထောက်)၏ (၆၄)နှစ်ပြည့်မွေးနေ့အလှူအဖြစ် ဒလမြို့ ညောင်ကုန်းရပ်ကွက် ဇေယျဝတီကျောင်းတိုက်နှစ် ၁၀၀ပြည့်အထိမ်းအမှတ်အဖြစ် တည်ဆောက်လျက်ရှိသော ဓမ္မဒီပနီဗိမာန်တော်ကြီးအတွက် ဒုတိယအကြိမ် အလှူငွေ ၁၀၀၀၀၀ ကို ဇေယျဝတီစာသင်တိုက် ပဓာနနာယကဆရာတော် ဂန္ထဝါစက-ဓမ္မကထိက လယ်တီဘဒ္ဒန္တစန္ဒာဝရထံ ဆက်ကပ်လှူဒါန်းရာ ကပ္ပိယကာရက ဦးစိန်မြင့် လက်ခံယူစဉ်။ (က-ပ)

သကြြန် ၁၀ ရက် တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာမိုးကုတ်ရိပ်သာကြီး၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း ၁၀ ရက်အထူးတရားစခန်းပွဲကို ၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၇ရက် (ဧပြီ ၈ရက်) တနင်္ဂနွေနေ့မှ ကဆုန်လဆန်း ၂ရက် (ဧပြီ ၁၇ရက်)အင်္ဂါနေ့အထိ ကျင်းပမည်ဖြစ်သည်။ ဒုလ္လဘရဟန်းနှင့် သီလရှင် ဝတ်လိုသူ များ၊ ယောဂီများသည် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ပြီး တရားစခန်းပွဲ အတွင်း အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည် လှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း-၅၄၇၀၂၈၊ ၀၉-၅၁၄၇၃၈၂ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင် ရေးသင်တန်း(အရာရှိ) အမှတ်စဉ်(၁/၂၀၀၇) သင်တန်းဆင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၀၇)ဆင်းပွဲ ကျင်းပ

နေပြည်တော် မတ် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း(အရာရှိ) အမှတ်စဉ်(၁/၂၀၀၇) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ညွှန်ကြားရေးမှူးများနှင့် နည်းပြဆရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က သင်တန်းတွင် ထူးချွန်ဆုရရှိကြသော ပထမဆု ကာမိုင်းမြို့မှ ဒေါ်သင်းမာဝင်း၊ ဒုတိယဆု တောင်ကြီးခရိုင်ရုံးမှ ဒေါ်ရွှေရွှေမြင့်နှင့် တတိယဆု ဖျာပုံခရိုင်မှ ဒေါ်မာမာလွင်တို့အား ဆုများ အသီးသီးချီးမြှင့်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး(စီမံ) ဦးမောင်ဖေက သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးသန်းထွန်းက သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း ချီးမြှင့်ပေးအပ်သည်။(သတင်းစဉ်)

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် ၂၀၀၇ခုနှစ်ကို စည်းကမ်းထိန်းသိမ်းရေးနှစ်အဖြစ် သတ်မှတ်ထား ရဲတပ်ဖွဲ့၏ပုံရိပ်ကို ပြည်သူလူထုအမြင်တွင် သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်ရေး ဆောင်ရွက်နေ

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းတပ်ဖွဲ့ အရာရှိတပ်ဖွဲ့ဝင်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်တန်းအမှတ်စဉ်(၁/၂၀၀၇)သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပရာ ရဲတပ်ဖွဲ့မှ အရာရှိကြီးများနှင့် သင်တန်းသားအရာရှိများ တက်ရောက်ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်က သင်တန်းဆင်း အမှာစကားပြောကြားသည်။ သင်တန်းသို့ ပြည်နယ်၊တိုင်း၊တပ်ရင်း၊ တပ်ဖွဲ့၊ ကျောင်းများမှ သင်တန်းသား အရာရှိ ၂၀၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၁ ရက်မှ ၂၀ ရက်အထိ တစ်လကြာဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် စွမ်းရည် (၃) ရပ်ဆု ပထမရရှိသော ရဲတပ်ရင်း (၁၃)မှ ဒုတိယရဲမှူးမျိုးညွန့်ဦး၊ ဒုတိယ ရရှိသော ရဲတပ်ရင်းများ ကွပ်ကဲမှု အဖွဲ့ရုံးမှ ဒုတိယရဲမှူး စိုင်းဆိုင်ဝမ်းနှင့် တတိယဆု ရရှိသော မကွေးတိုင်း ရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်ထွန်းဝင်းတို့အား ဒုတိယရဲချုပ်က ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ၂၀၀၇ ခုနှစ်ကို စည်းကမ်းထိန်းသိမ်းရေးနှစ် အဖြစ် သတ်မှတ်ထားပြီး ရဲတပ်ဖွဲ့၏ ပုံရိပ်အား ပြည်သူလူထု အမြင်တွင် တစ်စုံတစ်ရာ အတိုင်းအတာအထိ သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်မှု ရရှိလာစေရေးအတွက် ပုံရိပ်စီမံချက်ကို ချမှတ် အကောင်အထည် ဖော်လျက် ရှိသည်။ ထို့သို့ ဆောင်ရွက်ရာတွင် ယာဉ်ထိန်းရဲများအား စနစ်တကျ လေ့ကျင့်ပေးထားသော တပ်ဖွဲ့ဝင်များ ဖြင့် အစားထိုးလဲလှယ်ပြီး လူထုအမြင်၌ လုပ်ငန်းကျွမ်းကျင်၍ စည်းစနစ်ကျစွာ တာဝန် ထမ်းဆောင်သူများအဖြစ် ပြောင်းလဲလာစေရန် ဆောင်ရွက်လျက် ရှိသည်။ ယခင်က ပြည်နယ်၊ တိုင်း တပ်ဖွဲ့များ၌ ယာဉ်ထိန်းရဲများ ရှိသော်လည်း ပြောင်းလဲလာသော အခြေအနေ များအရ လုပ်ငန်းလိုအပ်ချက် အဆင ပြေစေရန် ဖွဲ့စည်းပုံထက် ပိုမိုခန့်အပ် တာဝန်ပေးခဲ့ကြသည်။

ထို့သို့ တာဝန်ပေးထားသူများမှာ လည်း ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်းနှင့် ပတ်သက်၍ ကျွမ်းကျင် အောင် စနစ်တကျလေ့ကျင့်ပေးထား သူများ မဟုတ်သဖြင့် လုပ်ထုံးလုပ်နည်း နှင့်မညီခြင်း၊ လုပ်ပိုင်ခွင့်ဘောင်ကျော် ဆောင်ရွက်ခြင်း၊ လုပ်ပိုင်ခွင့် အလွဲသုံး ခြင်းများအပေါ် လူထုက အထင်အမြင် လွဲမှားဖွယ်ရာများ ဖြစ်စေနိုင်သဖြင့် ဖွဲ့စည်းပုံမရှိဘဲ ခန့်အပ်တာဝန်ပေးထား သူများကို တာဝန်မှ ရုပ်သိမ်းခဲ့ပြီး မူလနယ်မြေရဲတာဝန်များကိုထမ်းဆောင် စေခဲ့သည်။ နောင်တွင် ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လမ်းကြောင်း အုပ်ချုပ်ထိန်းသိမ်းသည့် ပညာများနှင့် ပတ်သက်၍ စနစ်တကျ လေ့ကျင့်ပေး ထားသည့် တပ်ဖွဲ့ဝင်များဖြင့် အစားထိုး လဲလှယ်ကာ တာဝန်ပေးအပ်သွားမည် ဖြစ်သည်။ လက်ရှိတွင် ယာဉ်ထိန်းရဲများ ရုပ်သိမ်းလိုက်သဖြင့် လစ်ဟာသွားသည့် နေရာများ၌ ပုံမှန်တာဝန်ချထားသည့် ယာဉ်ထိန်းရဲများ မရှိသော်လည်း အဖွဲ့လိုက် ရှောင်တခင် စစ်ဆေးခြင်း များ၊ လူထုအသိပညာပေးမှုများကို တိုးမြှင့် ဆောင်ရွက်လျက်ရှိသည့် အတွက် ကြီးမားသော အခက်အခဲများ တစ်စုံတစ်ရာမရှိကြောင်း သိရှိရသည်။

ထို့သို့ အစားထိုးတာဝန်ပေးအပ်ရန် အတွက် ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်း သင်တန်းများကို ဖွင့်လှစ်ပေး ခဲ့ရာ ယခုသင်တန်းမှာ ပထမဆုံး အကြိမ် ဖြစ်သည်ဟု သိရပြီး ယင်းတို့ အား ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၁၃၆၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စနစ်တကျ စည်ကားသိုက်မြိုက်စွာ ကျင်းပရေးညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၂၀

၁၃၆၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေး ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပသည်။

အစည်းအဝေးသို့ ၁၃၆၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ပွဲတော် ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး နှင့် ဆုချီးမြှင့်ရေးကော်မတီ အတွင်း ရေးမှူး၊ ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုး၊ ကော်မတီ တွဲဖက် အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့်ကော်မတီဝင်များ၊ ဌာနမှူးများ၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ တိုင်း ရဲတပ်ဖွဲ့နှင့် တိုင်း ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ တာဝန်ရှိ သူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တာဝန် ရှိသူများ၊ မြန်မာနိုင်ငံ သဘင်နှင့်ဂီတ အစည်းအရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆောင်ရွက်ရေး မှာကြား

ရှေးဦးစွာ ၁၃၆၈ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ရိုးရာ ယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် ဆုချီးမြှင့် ရေးကော်မတီ အတွင်းရေးမှူးက အမှာ စကားပြောကြားရာတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း စဉ်လာများနှင့်အညီစနစ်တကျစည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ရိုးရာ ယဉ်ကျေးမှုကိုပျက်ပြားစေမည့် အပြော အဆို၊ အပြုအမူ၊ ဝတ်စားဆင်ယင်မှု များနှင့် ရေကစားမှုများ မဖြစ်စေရန် ထိန်းသိမ်း ဆောင်ရွက်ရေး မှာကြား သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက် အတွင်းရေးမှူးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ၁၃၆၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာ သင်္ကြန်ပွဲတော် စနစ်တကျ စည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့၏ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် များကို ရှင်းလင်းတင်ပြကြရာ ရိုးရာ ယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် ဆုချီးမြှင့် ရေးကော်မတီအတွင်းရေးမှူးက ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်း လိုအပ်ချက်များ ဖြည့်စွက်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

၁၃၆၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့ တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ မြန်မာ့ ရိုးရာ ယဉ်ကျေးမှုနှင့်အညီ အိုးစည်၊ ဒိုးပတ်၊ ယိမ်းပြိုင်ပွဲများကို ယခင်နှစ် များနည်းတူ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရ သည်။ (၁၉)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ပုသိမ်အသင်း(ရန်ကုန်) ချီးကျူးပူဇော်မည်

ရန်ကုန် မတ် ၂၀

ပုသိမ်အသင်း(ရန်ကုန်)မှ ၂၀၀၇ခုနှစ် နိုင်ငံတော်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်ပူဇော်ခြင်းခံရသည့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာဘိဝံသ ညောင်တုန်းမြို့၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တခေမိန္ဒ ပုသိမ်မြို့၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ ဘဒ္ဒန္တကုဏ္ဍလဉာဏာဘိဝံသ ကျုံပျော်မြို့၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသောဘိတ ပုသိမ်မြို့၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ ဘဒ္ဒန္တကုမာရ ငပုတောမြို့တို့မှ ဆရာတော်ကြီးငါးပါးအား ထပ်ဆင့် ဂုဏ်ပြုချီးကျူးပူဇော်ပွဲနှင့် သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အဂ္ဂမဟာသီရိ သုဓမ္မသင်္ဂီဟ ဒေါ်ကြည်ကြည်ဆွေ ရာသက်ပန်အသင်းဝင် ပုသိမ်အသင်း(ရန်ကုန်)၊ သီရိသုဓမ္မသင်္ဂီဟ ဒေါ်ကျင်သိန်း ရာသက်ပန်အသင်းဝင် ပုသိမ်အသင်း(ရန်ကုန်) တို့အား ထပ်ဆင့်ဂုဏ်ပြုပွဲကို ဧပြီ ၁ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် အမှတ် (၂၁/၄၃)စီ ကြားတောရလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ ရေဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ၊ ရေဝတီတိုင်းအတွင်းရှိ မြို့နယ် အသင်းမှ အမှုဆောင်များ၊ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက် ကြည်ညိုကြပါရန် ဖိတ်ကြားထားသည်။ ပူဇော်ပွဲအတွက် ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀၂၃၃၀၇၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀၀ ၆၁၂၈၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ ပုသိမ်အသင်း (ရန်ကုန်) ဖုန်း-၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်း ရရှိသည်။ (ကြေးမုံ)

ဝန်ကြီး ဦးဉာဏ်ဝင်းထံ ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးမှုအဖွဲ့ (ယူနီဒို)ကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ထံ ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးမှုအဖွဲ့ (ယူနီဒို) ကိုယ်စားလှယ်နှင့် ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mrs. Ayumi Fujino က ယနေ့ မွန်းလွဲ ၂နာရီခွဲ တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်၍ ၎င်း၏ ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ ကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေး ဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန စီးပွားရေးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဝင်း တက်ရောက်ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

ပန်းအလှပြင်နှင့်သစ်သီးအလှပြင် သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း ဖွင့်လှစ်သည့် အခြေခံ ပန်း အလှပြင် သင်တန်းနှင့် သစ်သီးအလှပြင် ပုံဖော် သင်တန်းဆင်းပွဲ အခမ်းအနား ကို မတ် ၂၆ ရက်က မြို့နယ် မိခင် နှင့် ကလေး စောင့်ရှောက်ရေးအသင်းရုံး ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းက အဖွင့်အမှာစကား ပြောကြားသာည်။

ဆက်လက်၍ ရန်ကုန်တိုင်း စစ်ဌာန ချုပ်၊ မိခင်နှင့်ကလေး စောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မေလတ်က သင်တန်းတွင် အကောင်းဆုံးဆုရသူ များအား ဆုချီးမြှင့်ပြီး သင်တန်းဆရာမ များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်၍ **(အောက်ပုံ)** ရန်ကုန်အရှေ့ ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက် ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်း မြက ရာသက်ပန်အသင်းဝင် ကတ်ပြား များနှင့် တံဆိပ်များကို မြို့နယ် မိခင် နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွန့် ထံသို့ ပေးအပ်ပြီး သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင် စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၃-၂၀၀၇ (စနေနေ့)

၁၃၆၈ခုနှစ်၊နှောင်းတန်ခူးလဆန်း ၁၄ရက်(အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	အတီးပြိုင်ပွဲ
၈း၀၀	၆။	တံတားအလှ ပန်းလောင်
၈း၀၅	၇။	အကပြိုင်ပွဲ
၈း၁၅	၈။	တေးဂီတအစီအစဉ်
၈း၃၀	၉။	International News.
၈း၄၅	၁၀။	Grammar Made Easy.
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၅	၂။	တေးဂီတအစီအစဉ်
၁၁း၃၀	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၀	၄။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းများ
၁း၀၅	၅။	**"ခံစားရင်းစံစားပါ" (ကျော်ရဲအောင်၊ပန်းဖြူ၊ ကုသိုလ်) (ဒါရိုက်တာ-မြင့်မိုရ်ဆွေ)**
၁း၃၅	၆။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (ငါးသိုင်းချောင်းမှ ဝါးထည်အလှ)
၁း၄၅	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၀၀	၈။	အဆိုပြိုင်ပွဲ
၂း၁၀	၉။	ရန်ကုန်တိုင်း မဟူရာရေလှောင်တမံ
၂း၂၀	၁၀။	လက်ဆင့်ကမ်းပေးဂီတတေး (ဆိုင်း)
၂း၃၅	၁၁။	**"ပြေးပြေးလွှားလွှား သွားသွားလာလာ" (မောင်မောင်မြင့်၊ မအေးမြင့်၊ စိန်ဂွက်ထော်၊ မောင်မောင်မျိုးသန့်) (ဒါရိုက်တာ-မောင်မောင်မြင့်)**
၂း၄၀	၁၂။	စံပြပုံဆောင်နောင်ကား ကျေးရွာ
၂း၄၅	၁၃။	International News.
၃း၀၀	၁၄။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄း၄၅	၄။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၅း၀၀	၅။	ချစ်စရာ့အရွယ်ကစားကြမယ်
၅း၃၀	၆။	ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆း၀၀	၇။	ညနေခင်းသတင်း
၆း၃၀	၈။	မိုးလေဝသအခြေအနေ
၆း၃၅	၉။	အလှရှာမယ် လှကမ္ဘာဝယ်
၇း၀၀	၁၀။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (မဲခရဲတိုက်နယ် ဧရာဝတီတိုင်းမှ ဆားလုပ်ငန်းအကြောင်း)
၇း၁၀	၁၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း-၁၄)**
၈း၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းနှင်းဆီ"(အပိုင်း-၅)**
	၁၇။	နောက်တစ်နေ့အစီအစဉ်
	၁၈။	အစီအစဉ်ပြီး၏။

✳ မြင်းခြံ–သာပေါင်းမှ

ထို့နောက် တိုင်းမှူးသည် ခေါင်းကွဲကျေးရွာအုပ်စု ခြံစည်းရိုး ကြက်ဆူ ပျိုးဥယျာဉ်သို့ရောက်ရှိပြီး ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ၈၀၀၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပျိုးဥယျာဉ်အတွင်း စုဆောင်းထားရှိသော ခြံစည်းရိုး ကြက်ဆူမျိုးစေ့များအား ကြည့်ရှုစစ်ဆေးကာ ပျိုးပင်များ ရှင်သန်ဖြစ်ထွန်း ရေးနှင့် မျိုးစေ့များကို အချိန်မီပျိုးထောင်၍ ဆက်လက်တိုးချဲ့ စိုက်ပျိုးရေး မှာကြားသည်။

ထို့မှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် မြင်းခြံ–သာပေါင်း ကတ္တရာ လမ်းသစ်အား မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မြင်းခြံမြို့နယ် သာပေါင်းကျေးရွာအနီးရှိ (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့သည့် သာပေါင်းတံတား ဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိ ကြသည်။

အစီအစဉ်အရ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်က တံတားနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား မြင်းခြံမြို့နယ် သာပေါင်း ကျေးရွာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင် သန်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုး၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဇံနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်တို့က သာပေါင်း သစ်သား တံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သစ်သား တံတားအား ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး တံတားရေရှည်တည်တံ့ခိုင်မြဲ စေရေးအတွက် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သွားရန် တာဝန်ရှိသူ များကို မှာကြားသည်။

ထို့နောက် တိုင်းမှူးက အခမ်းအနားသို့တက်ရောက်လာသော လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် ကာ ပြန်လည်ထွက်ခွာသွားကြောင်း သိရှိရသည်။

သာပေါင်းသစ်သားတံတားသည် အရှည်ပေ ၈၀၊ အကျယ် ၁၆ပေ၊ အမြင့် ၁၆ပေရှိကာ အောက်ခြေတိုင်မှာကွန်ကရစ် RC တိုင်ဖြစ်ပြီး တံတားကိုယ်ထည်မှာ သစ်သားဖြင့် ဆောက်လုပ်ထားသော သစ်သားတံတား ဖြစ်ပြီး နိုင်ငံတော်မှ ငွေကျပ် ၁၇၂သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ် သည်။ ယခင်က မိုးရာသီတွင် တောင်ကျရေများကြောင့် ခရီးသည်ယာဉ်များ၊ လယ်ယာသုံးယာဉ်များ၊ ဒေသခံပြည်သူများ ခရီးသွားလာရာတွင် ရေကျချိန် အထိ စောင့်ဆိုင်းရသဖြင့် လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းတို့ကို အမြဲတစေ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း အဆိုပါတံတား တည်ဆောက်ပြီးစီးခဲ့မှုကြောင့် ဒေသခံပြည်သူများအနေဖြင့် မြင်းခြံမြို့သို့ ရာသီမရွေး လွယ်ကူစွာ သွားလာ နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

▲ ရွှေဖုံးမှ

ယင်းနောက် အခမ်းအနားကို မြို့တော်ခန်းမ အဆောက်အအုံသစ် အတွင်း ဆက်လက်ကျင်းပရာ မြို့တော်ခန်းမ ဆောက်လုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်က အဆောက် အအုံနှင့်ပတ်သက်သည့် စာရွက် စာတမ်းများကို တိုင်းအတွင်းရေးမှူး ဦးဖေသိန်းထံ လွှဲပြောင်းပေးအပ် သည်။

ထို့နောက် ဦးဖေသိန်းက မြို့တော် ခန်းမ ဖွင့်ပွဲအထိမ်းအမှတ်အလံများ ကို တိုင်းမှူးနှင့် တာဝန်ရှိသူများအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်ပြီးနောက် တိုင်းမှူးနှင့် တာဝန် ရှိသူများသည် မြို့တော်ခန်းမ အဆောက်အအုံသစ်ကို လှည့်လည် ကြည့်ရှုကြ၍ တိုင်းမှူးက တာဝန်ရှိ သူများအား မြို့တော်ခန်းမ ပတ်ဝန်း ကျင် သန့်ရှင်းသပ်ရပ်သာယာလှပစေ ရေး ဆောင်ရွက်ရေး မှာကြားသည်။

အဆိုပါ ပဲခူးမြို့တော်ခန်းမ အဆောက်အအုံသစ်မှာ အလျားပေ ၁၈၀၊ အနံပေ ၈၀ ရှိ တစ်ထပ်သံကူ ကွန်ကရစ် အဆောက်အအုံဖြစ် ကြောင်း သိရသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် ပဲခူး– သနပ်ပင်–ကဝ ကားလမ်း လမ်း တစ်လျှောက် လမ်း၊ တံတားများ ကြံ့ခိုင်ကောင်းမွန်မှုနှင့် လမ်းဘေး ဝဲ၊ ယာ နွေစပါးစိုက်ပျိုးဖြစ်ထွန်း အောင်မြင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကဝ မြို့နယ်၊ သရက်ကုန်းစံပြကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက် ရောက်သည်။

အစီအစဉ်အရ ရေးဦးစွာ ကဝ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူ၊ တိုက်နယ်ဆေးရုံ အလှူရှင် သီဟ သုဓမ္မမဏိဇောတဓရ ဦးငွေရှိန်နှင့် ဆေးရုံ ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တို့က အခမ်းအနား ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက တိုက်နယ် ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့် အတူ ဆေးရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အခမ်းအနားကို တိုက်နယ်ဆေးရုံ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် တိုင်းကျန်းမာရေးဦးစီး ဌာန ဦးစီးမှူး ဒေါက်တာဌေးအောင် က သရက်ကုန်း စံပြကျေးရွာ တိုက်နယ်ဆေးရုံ ဖြစ်ပေါ်လာမှုကို ရှင်းလင်းတင်ပြပြီး တိုက်နယ်ဆေးရုံ ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်က တိုက်နယ်ဆေးရုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ ကို လွှဲပြောင်းပေးအပ်ရာ ဒေါက်တာ ဌေးအောင်က လက်ခံရယူသည်။

ဆက်လက်၍ အလှူရှင်များက ဆေးပဒေသာပင် အလှူတော်ငွေများ ကို ပေးအပ်လှူဒါန်းရာ အလှူရှင် ဦးကျော်ထွန်း–ဒေါ်ပန်း မိသားစုက ငွေကျပ်လေးသိန်း၊ သီဟသုဓမ္မမဏိ ဇောတဓရ ဦးငွေရှိန်–ဒေါ်တင်မြင့် မိသားစုက ငွေကျပ်သုံးသိန်း၊ ဦးအောင် မြင့်ကြိုင်–ဒေါ်ကျင်ငွေး မိသားစုက ငွေကျပ်တစ်သိန်း အပါအဝင် အလှူ ရှင်များက စုစုပေါင်းအလှူငွေကျပ် ၂၂၀၀၀၀ တို့ကို အသီးသီး ပေးအပ် လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိ သူများက လက်ခံရယူကြသည်။

ထို့နောက် ဒေသခံပြည်သူများ ကိုယ်စား အလှူရှင် သီဟသုဓမ္မ မဏိဇောတဓရ ဦးငွေရှိန်က ကျေးဇူး တင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သရက်ကုန်း စံပြကျေးရွာ တိုက်နယ်ဆေးရုံမှာ အလျား ၁၂၆ပေ၊ အနံ ၉၁ ပေရှိ RC သွပ်မိုး၊ သမံ တလင်းခင်းအမျိုးအစားဖြစ်ကာ ပဲခူး တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီမှ မတည်လှူဒါန်းငွေ ကျပ် ၁၀ သိန်း၊ အလှူရှင် သီဟသုဓမ္မ မဏိဇောတဓရ ဦးငွေရှိန်–ဒေါ်တင် မြင့် မိသားစု လှူဒါန်းငွေကျပ် သိန်း ၃၀၀၊ ပြည်သူများ လှူဒါန်းငွေ ကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ် သိန်း ၃၆၀ အကုန်အကျခံ ဆောက် လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် သရက်ကုန်းစံပြကျေးရွာ အခြေခံ ပညာ အထက်တန်းကျောင်းသို့ လည်းကောင်း၊ ကဝမြို့နယ် သက္ကလ စံပြကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ် ဆေးရုံသို့လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူ များအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မတ် ၂၅ ရက်က အထက(၂) လမ်းမတော်(မြမာလာ)ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ အဌမအကြိမ် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ အာစရိယပူဇော်ကန်တော့ပွဲတွင် ကျောင်းသူ၊ ကျောင်းသား ဟောင်းများက ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြုလက်ဆောင် ပေးအပ်စဉ်။ (က–ပ)

၁၃၆၈–၁၃၆၉ ခုနှစ်အတွက် မဟာသင်္ကြန် အခါတော်နှင့် (အကျ–အကြတ်–အတက်)ရက်နှင့် မြန်မာ–ရခိုင်–ဝါဆို–ဝါကပ်–လ–ရက်များ

ရန်ကုန် မတ် ၃၀

မဟာသင်္ကြန် အကျရက်

ဇေယတုမြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ်၊ နှောင်းတန်ခူးလဆုတ် (၁၃)ရက် (စနေနေ့)၊ ရခိုင်သက္ကရာဇ် ၁၃၆၈ ခုနှစ် ပထမတာကူးလဆုတ် (၁၃)ရက် (စနေနေ့)၊ ခရစ်နှစ် ၂၀၀၇၊ ဧပြီ(၁၄)ရက် (စနေနေ့)သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နေလွှဲစက် (၂)နာရီ (၅၀)မိနစ် (၂၃)စက္ကန့်အချိန်တွင် မဟာသင်္ကြန် အကျဖြစ်သည်။

မဟာသင်္ကြန် အကြတ်ရက်

မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆုတ်(၁၄)ရက် (လကွယ်နေ့)၊ (တနင်္ဂနွေနေ့)၊ ရခိုင်သက္ကရာဇ် ၁၃၆၈ခုနှစ်၊ ပထမတာကူး လဆုတ်(၁၄)ရက် (လကွယ်နေ့) (တနင်္ဂနွေနေ့)၊ ခရစ်နှစ် ၂၀၀၇၊ ဧပြီ(၁၅)ရက် (တနင်္ဂနွေနေ့)သည် မဟာသင်္ကြန် အကြတ်ရက်ဖြစ်သည်။

မဟာသင်္ကြန် အတက်ရက်

မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း (၁)ရက် (တနင်္လာနေ့)၊ ရခိုင်သက္ကရာဇ် ၁၃၆၈ခုနှစ်၊ဒုတိယတာကူးလဆန်း(၁)ရက် (တနင်္လာနေ့)၊ ခရစ်နှစ် ၂၀၀၇၊ ဧပြီ (၁၆)ရက် (တနင်္လာနေ့)သည် မဟာသင်္ကြန် အတက်ရက်ဖြစ်သည်။

မြန်မာစံတော်ချိန် ညစက် (၆)နာရီ(၅၅)မိနစ် (၄)စက္ကန့်အချိန်တွင် မဟာသင်္ကြန် အတက်ဖြစ်သည်။

မြန်မာ–ရခိုင်–နှစ်ဆန်း(၁)ရက်

မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း(၂)ရက် (အင်္ဂါနေ့)၊ ရခိုင်သက္ကရာဇ် ၁၃၆၉ခုနှစ်၊ ဒုတိယတာကူးလဆန်း(၂)ရက် (အင်္ဂါနေ့)၊ ခရစ်နှစ် ၂၀၀၇၊ ဧပြီ(၁၇)ရက် (အင်္ဂါနေ့)သည် မြန်မာ–ရခိုင် နှစ်ဆန်း(၁)ရက်ဖြစ်သည်။

၁၃၆၉ခုနှစ်တွင် အဓိမာသ အဗျာဟ
လထပ်ရက်ငင်ရှိသောကြောင့် (ဒွိရာသဠ်)

ဗုဒ္ဓဘာသာ သာသနာတော်ဝန်ထမ်း ရဟန်းတော်အရှင်သူမြတ်တို့မှာ မြန်မာ ၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်(၁)ရက် (တနင်္လာနေ့)၊ ရခိုင် ၁၃၆၉ခုနှစ်၊ဝါဆိုလပြည့်ကျော်(၁)ရက် (တနင်္လာနေ့)၊ ခရစ်နှစ် ၂၀၀၇၊ ဇူလိုင်(၃၀)ရက် (တနင်္လာနေ့)တွင် ပထမ ပုရိမဝါကပ်ဆိုတော် မူကြ၍ မြန်မာ–ရခိုင်သက္ကရာဇ် ၁၃၆၉ခုနှစ် ဝါခေါင်လပြည့်ကျော်(၁)ရက် (ဗုဒ္ဓဟူးနေ့)၊ ခရစ်နှစ် ၂၀၀၇၊ ဩဂုတ်(၂၉)ရက် (ဗုဒ္ဓဟူးနေ့)တွင် ဒုတိယပစ္ဆိမ ဝါကပ်ဆိုတော်မူကြရမည်ဖြစ်သည်။

ဝိနယာနုဂ္ဂဟအသင်း စိန်ရတု စာတော်ပြန်ပွဲ ဆုနှင်းသဘင်ကျင်းပ

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာ နုဂ္ဂဟအသင်း၏ (၇၅)ကြိမ်မြောက် စိန်ရတုစာတော်ပြန်ပွဲ ဆုနှင်းသဘင် အခမ်းအနားကို မတ် ၂၄ရက် နံနက် ၉ နာရီတွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ကျင်းပရာ ပရိသတ်များက နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရေနံချောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ တေဇနိယ ထံမှ ငါးပါးသီလ ခံယူဆောက်တည် ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသော မေတ္တာသုတ် ပရိတ် တရားတော်နှင့် နိုင်ငံတော် ဩဝါဒ စရိယ ဘုရားဖြူကျောင်းတိုက် ပဓာန နာယက ဆရာတော် အဘိဓဇ အဂ္ဂ မဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နရိန္ဒာဘိဝံသ ချီးမြှင့်သော ဩဝါဒကထာကို နာယူကြသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေက စိန်ရတုစာတော်ပြန်ပွဲ ဆိုင်ရာများ လျှောက်ထားပြီး တာဝန် ရှိသူများ၊ ဧည့်သည်တော်များနှင့် အလှူရှင်များက ကြွရောက်တော်မူကြ သော ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြပြီး စာပြန်ပွဲတွင် အထူးအောင်မြင်ကြ သော အတန်းစုံမှ ပထမဆုရ အရှင် သူမြတ်တို့၏ ထေရုပ္ပတ္တိများကို ဖတ်ကြားသည်။

ဆက်လက်၍ ဂုဏ်ထူးဖြင့် အောင် မြင်ကြသော စာအောင်သံဃာတော် များအား ဘွဲ့တံဆိပ်၊ အောင် လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ကျန်စာအောင်သံဃာ များအား အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်၍ ဘုရားဖြူ ဆရာတော်ကြီး ဘဒ္ဒန္တ နရိန္ဒာဘိဝံသထံမှ အနုမောဒနာ တရား နာယူကြပြီး လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချ အမျှပေး ဝေကြသည်။ (၇၅)ကြိမ်မြောက် ဘုရားဖြူ စိန်ရတုစာတော်ပြန်ပွဲတွင် ဝိနယပါရဂူ(စာချတန်း)တွင် ရှစ်ပါး၊ ဝိနယဝိသာရဒ (အကြီးတန်း)တွင် သုံးပါး၊ ဝိနယကောသလ္လ (အငယ် တန်း)တွင် ၁၇ပါး၊ဝိနယ မူလ(မူလ တန်း)တွင် ၂၈၅ပါး ဖြေဆိုအောင် မြင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝဓာတ်ငွေ့နှင့် ရေနံရှာဖွေတူးဖော်နေစဉ် သင်္ဘောကြီး/ငယ်များ ဖြတ်သန်းသွားလာခြင်းမပြုရန်ကြေညာ

ရန်ကုန် မတ် ၃၀

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေ တူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပက်ထရိုနာ(စ်) ချာတီကာရီ မြန်မာ့ရေနံကုမ္ပဏီသည် တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် M(12),(M13)နှင့် M(15)တို့တွင် 2D Seismic Survey တိုင်းတာရေး လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Pacific Sword ဖြင့် ဧပြီ ၄ ရက်မှ မေ ၂၀ ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

2D Seismic Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာတည်နေရာများတွင် လုပ်ကွက်အမှတ် M(13) ၌ Point A မြောက် လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၂၈ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၀မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၇ဒီဂရီ ၂၈ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂ မိနစ်၊ လုပ်ကွက် အမှတ် M(12) တွင် Point E မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ်၊ Point F မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၅၂ မိနစ်၊ Point G မြောက် လတ္တီတွဒ် ၁၃ ဒီဂရီ ၀၀မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂မိနစ်၊ Point H မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၀မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅မိနစ်၊ လုပ်ကွက်အမှတ် M(15) တွင် Point I မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၁၉မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၉ မိနစ်၊ Point J မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၁၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၀ မိနစ်၊ Point K မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၀မိနစ်၊ အရှေ့လောင်ဂျီ တွဒ် ၉၈ ဒီဂရီ ၀၀ မိနစ်၊ Point L မြောက်လတ္တီတွဒ် ၁၁ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၉ မိနစ်အတွင်းတွင်ဖြစ်သည်။

တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် M(12), M(13) နှင့် M(15) တို့တွင် တိုင်းတာရေးရေယာဉ် MV Pacific Sword ဖြင့် 2D Seismic Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်း များ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's)ထုတ်ပြန်ကြေညာထားရာ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်ဖက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်း သွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာ များချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက ကြေညာထား သည်။ (သတင်းစဉ်)

✻ ဖောင်းပြင်မြို့နယ်မှ

ထို့နောက် တိုင်းမှူးက ကျောင်းဆောင်သစ်အတွက် ဘိလပ်မြေအိတ် ၁၀၀၊ အလှူရှင်တစ်ဦးက ဘိလပ်မြေအိတ် ၁၀၀ နှင့် တိုင်းမှူးက ကျောင်းအတွက် ကွန်ပျူတာတစ်လုံးနှင့် ရုပ်မြင်သံကြားစက်တစ်လုံးတို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

ထို့နောက် တိုင်းမှူးသည် သရောင်းစံပြကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဟုမ္မလင်းမြို့နယ်အတွင်း တည်ဆောက်လျက်ရှိသော ထမံသီ(တခုံး) ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် လုပ်ငန်းခွင်အတွင်း စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရေစိမ့်တားနံရံ တည်ဆောက်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❁ တိုင်းမှူးမှ

ယင်းနောက် ပြည်နယ်အတွင်းရေးမှူး ဦးခင်မောင်ကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီးနောက် တိုင်းမှူးက တက်ရောက်လာကြသူများနှင့်အတူ မှခ်ဦးရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကြပြီး လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ဥဩကတ္တရာလမ်းသစ်သည် အရှည်ပေ ၆၉၀၊ အကျယ် ၁၂ပေ၊ ငွေကျပ် ၃၁၃၀၀၀၀ အကုန်အကျခံကာ တောင်ကြီးမြို့ ညောင်ရွှေဟော်ကုန်းရပ်ကွက် ပြည်သူများနှင့် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။

အလားတူ (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့နယ် ရေပူ-ရေအေး-သိမ်အင်း-မြောင်းဦး-ကျောက်စု ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို နံနက် ၉ နာရီတွင် အဆိုပါ လမ်းသစ်ဖွင့်ပွဲ မှခ်ဦးရှေ့၌ ကျင်းပခဲ့ကြောင်းနှင့် အဆိုပါ ကျောက်ချောလမ်းသည် လမ်းအရှည်တစ်မိုင် နှစ်ဖာလုံ၊ အကျယ် ၁၀ပေရှိ၍ ငွေကျပ် ၇၅သိန်း အကုန်အကျခံကာ ဒေသခံပြည်သူများနှင့် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းများ မမှန်မကန် ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်

နေပြည်တော် မတ် ၂၀

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် **"ကိုလိုနီ စရိုက်ကို ဖျောက်၊နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို စောင့်ရှောက်"** ဟူသောဆောင်ပုဒ်နှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ အကျဉ်းဦးစီးဌာနတို့ကိုဖွဲ့စည်းလျက် နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးစီးပွားကိုဖော်ဆောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဝန်ကြီးဌာနလုပ်ငန်းကို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးဟု သတ်မှတ်ထားရှိသည်။

သို့ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနရှိ ပြည်သူ့ဝန်ထမ်းအဆင့်အတန်းအားလုံးထဲမှ တစ်ဦးဦးသည် ငွေကြေး၊ ပစ္စည်း၊ အခွင့်အရေး၊ အဂတိလိုက်စားမှုပြုလုပ်လျှင်သော် လည်းကောင်း၊ တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသော မမှန်မကန်လုပ်ပိုင်ခွင့်တို့ကို အသုံးပြု၍ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့တွင် အနိုင်အထက်ပြုကျင့်မှု ပြုလုပ်ခဲ့လျှင်သော် လည်းကောင်း ကိုယ်တိုင်တွေ့ကြုံခံစားရသော နစ်နာသူပြည်သူလူထု ကိုယ်တိုင်က ဖော်ပြပါ လိပ်စာများနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဝန်ကြီး ဖုန်း-၀၆၇-၄၁၂၀၄၀၊ ဖက်(စ်)၀၆၇-၄၁၂၀၁၆၊ ပြည်ထဲရေးဝန်ကြီးဌာန ရုံးအမှတ် (၁၀)၊ နေပြည်တော်၊ ဒုတိယဝန်ကြီး ဖုန်း-၀၆၇-၄၁၂၀၇၂၊ ပြည်ထဲရေးဝန်ကြီးဌာန ရုံးအမှတ်(၁၀) နေပြည်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၁၂၀၆၉၊ ဖက်(စ်)၀၆၇-၄၁၂၄၃၉၊ ပြည်ထဲရေးဝန်ကြီးဌာန ရုံးအမှတ်(၁၀) နေပြည်တော်၊ e-mail; ddg.gad @ gad.gov. mm တို့ဖြစ်သည်။

ဝန်ကြီးရုံးက တရားဝင်ဖွဲ့စည်းပေးသော စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ဖြင့် ဥပဒေနှင့်အညီ စစ်ဆေးပေးမည်ဖြစ်ပြီး ပြည်သူလူထု၏ နစ်နာမှုမဖြစ်စေရန် တာဝန်ယူသည်။ ပြည်သူလူထုကလည်း မှန်မှန်ကန်ကန် တိုင်ကြားခြင်းဖြင့် ကူညီဆောင်ရွက်ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

● အိပ်ချ်အိုင်ဗွီပိုးမှ

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အိပ်ချ်အိုင်ဗွီရောဂါပိုးရှိနေသော မိခင်ထံမှ ကလေးထံသို့ မကူးစက်စေရန် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းကြသည်။

အင်တီရီထရိုဗိုင်ရယ် ဆေးဝါးများ စားသုံးစေခြင်း၊ ကလေးအတွက် ဖော်စပ်ထားသော နို့မှုန့်များ တိုက်ကျွေးစေခြင်း၊ အဆင့်မြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း နည်းလမ်းများကို ကျင့်သုံးကြသည်။ ထို့ကြောင့် မိခင်မှ ကလေးသို့ အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုနှုန်းသည် ၂၅ ရာခိုင်နှုန်း ရှိနေရာမှ ၂ ရာခိုင်နှုန်းအထိ လျော့ကျသွားသည်ဟုဆိုသည်။

သို့ရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ရသော အခွင့်အလမ်းမျိုး ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကလေးနှင့် မိခင်များ ရနိုင်ကြ မည်မဟုတ်ပေ။ ထိုအချက်ကို ကွာဇူးလူးနယ်တယ် တက္ကသိုလ်မှ သုတေသီများကလည်း လက်ခံသည်။

သို့ဖြစ်၍ မိခင်နို့တိုက်ကျွေးခြင်း နည်းလမ်းသည်သာ မိခင်ထံမှ ကလေးထံသို့ အိပ်ချ်အိုင်ဗွီပိုး ကူးစက်မည့် အန္တရာယ်ကို အကောင်းဆုံး ကာကွယ်ရေးနည်းလမ်း ဖြစ်သည်ဟု ကွာဇူးလူးနယ်တယ် တက္ကသိုလ်မှ ပညာရှင်များက သုံးသပ်ခဲ့ကြသည်။

ကလေးတစ်ဦးကို မွေးဖွားပြီး ချိန်မှစ၍ မိခင်နို့ တစ်မျိုးတည်း တိုက်ကျွေးခြင်းသည် အိပ်ချ်အိုင်ဗွီ ရောဂါ ကူးစက်ရန် အခွင့်အလမ်း ၄ ရာခိုင်နှုန်းရှိအောင် ထိန်းထားနိုင်သည်ဟု ဆိုသည်။

မွေးပြီးစ ကလေးကို နို့မှုန့် တိုက်ကျွေးခြင်း၊ အခြားတိရစ္ဆာန်၏နို့ တိုက်ကျွေးခြင်း စသည်တို့ ပြုလုပ်လျှင် အခြားရောဂါများ ဝင်လာမည့် အန္တရာယ်သည် မိခင်နို့တိုက်ကျွေးခြင်းထက် နှစ်ဆပို၍ ရှိနိုင်သည်ဟု ဆိုသည်။

ထိုသို့မဟုတ်ဘဲ အခြားအစားအစာများကို တိုက်ကျွေးလျှင် ပြင်ပမှ ရောဂါများ ဝင်လာနိုင်သည့် အလားအလာသည် မိခင်နို့တိုက်ကျွေးခြင်းထက် ၁၁ ဆ ပိုမိုများပြားလာသည်ဟု ဆိုသည်။

မိခင်နို့ တိုက်ကျွေးရာ၌ အကယ်၍ နို့တိုက်သူမိခင်၌ အိပ်ချ်အိုင်ဗွီပိုး ရှိနေလျှင် ကလေးသို့ ရောဂါပိုးကူးရန် အလားအလာရှိနိုင်သော်လည်း မိခင်နို့တိုက်ကျွေးခြင်းသည်သာလျှင် ထိုရောဂါ ဖြစ်ပွားမှုကို ဟန့်တားပေးနိုင်သည့် အကောင်းဆုံး နည်းလမ်းဖြစ်သည်ဟု အာဖရိက ကျန်းမာရေးဌာနမှ ပါမောက္ခ ဟိုစန်အိုဗားတီးယားက ပြောကြားသည်။

အင်တာနက်

အဓမ္မအလုပ်ခိုင်းစေမှုမပြုရေး ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိ တာဝန်သိပြည်သူများ၏ မှန်ကန်စွာ တိုင်ကြားချက်များအား အလေးထား ပြစ်မှုကျူးလွန်သူများ၊ မသမာမှုပြုသူများကို အရေးယူအပြစ်ပေးနေ

နေပြည်တော် မတ် ၂၀

မြန်မာနိုင်ငံအနေဖြင့် အဓမ္မအလုပ်ခိုင်းစေမှုဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းထားသော နိုင်ငံတကာစံနှုန်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အဓမ္မအလုပ်ခိုင်းစေမှုမပြုရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ညွှန်ကြားချက်များ ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ပြီး ကြပ်မတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ အဓမ္မအလုပ်ခိုင်းစေမှုပြုခဲ့လျှင်လည်း တိုင်ကြားနိုင်သည့် လမ်းကြောင်းများ ဖွင့်ပေးထားလျက်ရှိသည်။

ထို့အတူ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ပြည်သူလူထုအပေါ် မမှန်မကန် မပြုနိုင်ရေးအတွက် ထိခိုက်နစ်နာသူဘက်မှ နည်းလမ်းတကျ တိုင်ကြားနိုင်သည့် လမ်းကြောင်းများကိုလည်း ဖွင့်ပေးလျက်ရှိပြီး တိုင်ကြားမှုတိုင်းအပေါ် စနစ်တကျ စုံစမ်းစစ်ဆေးမှုပြုလုပ်၍ မှန်ကန်ပါက ထိရောက်စွာ အပြစ်ပေး အရေးယူလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုများအရ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်က မကွေးတိုင်း အောင်လံမြို့နယ် အောင်လံ-သမ္ဘုလ ကားလမ်းဘေးရှိ သစ်တောမျှော်စင်မှ စိမ်းစိုတဲတိုက်သို့ ဖောက်လုပ်ထားသည့် လမ်းဟောင်းပြုပြင်မှုလုပ်ငန်းတွင် ကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့်အဖွဲ့က ရွာသူ၊ ရွာသား အချို့အား အဓမ္မလုပ်အားပေး စေခိုင်းမှုပြုခဲ့ကြောင်း အမှုဖွင့် စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်ခဲ့သည်။

ယင်းအမှုကို အောင်လံမြို့နယ် တရားရုံး၌ မတ် ၂၈ ရက် နံနက် ၉ နာရီခွဲက စစ်ဆေးခဲ့ရာ အမှုတရားခံ ဦးညိုတုတ်နှင့် ဦးမြလှိုင်တို့အား ပြစ်မှုထင်ရှားသဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၄ အရ ထောင်ဒဏ် ခြောက်လစီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး ကိုလတ်အား ပုဒ်မ ၂၅၇(၁)အရ အမှုမှ တရားသေလွှတ်ခဲ့ကြောင်း၊ အဆိုပါ ပြစ်ဒဏ်ကျခံရသူ တရားခံနှစ်ဦးအား ထိုနေ့မှာပင် သရက်အကျဉ်းထောင်သို့ ပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ မကွေးတိုင်း အောင်လံမြို့နယ် စိမ်းစိုကျေးရွာနေ ရွာသူ၊ ရွာသားအချို့က ၎င်းတို့အား မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက အဓမ္မထင်းခုတ်ခိုင်းမှု၊ လမ်းဖောက်ခိုင်းမှုပြုလုပ်ခဲ့ကြောင်း တိုင်ကြားချက်နှင့် အောင်လံမြို့နယ် စမ်းကလေးကျေးရွာနေ ရွာသူ၊ ရွာသား ငါးဦး၏ မြေယာကိစ္စတိုင်ကြားချက်များကို အလုပ်သမားဝန်ကြီးဌာနမှ သစ်တောရေးရာဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့ခဲ့ရာ သစ်တောရေးရာဝန်ကြီးဌာနက ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့ပြီး စုံစမ်းစစ်ဆေးခဲ့ကြောင်း သိရသည်။

စုံစမ်းစစ်ဆေးချက်အရ အတိုင်းအတာတစ်ခုထိမှန်ကန်ကြောင်း ပေါ်ပေါက်သဖြင့် သစ်တောရေးရာဝန်ကြီးဌာနက မြို့နယ်သစ်တောဦးစီးအရာရှိတစ်ဦး၊ တောအုပ်နှစ်ဦးနှင့် တောခေါင်းနှစ်ဦးတို့အား နိုင်ငံ့ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်သော ပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့နယ်မှ တာဝန်သိပြည်သူတစ်ဦးက မြဝတီခရိုင်နှင့် မြို့နယ် သစ်တောဦးစီးဌာနဝန်ထမ်းများ၏ မသမာမှုများကို အရေးယူပေးနိုင်ပါရန် သစ်တောရေးရာဝန်ကြီးဌာနသို့ စာရေးသားပေးပို့ တိုင်ကြားလာသဖြင့် သစ်တောရေးရာဝန်ကြီးဌာနက ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးပြီး တာဝန်ရှိသူ ခရိုင်ဦးစီးအရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) တစ်ဦးအား မယူမနေရ အငြိမ်းစားယူစေရန်နှင့် မြို့နယ်ဦးစီးအရာရှိ အပါအဝင် ဝန်ထမ်း ၁၄ ဦးအား နိုင်ငံ့ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်သည်အထိ ပြစ်ဒဏ်များချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုင်ကြားနိုင်

နေပြည်တော် မတ် ၂၀

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးလျက်ရှိရာ မှန်ကန်သည့်တာဝန်ထမ်းဆောင်မှုများပေးနိုင်ရေးအတွက် အထက်အကြီးအကဲများက အခါမလပ် လမ်းညွှန်မှာကြားလျက်ရှိပြီး သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့်လည်း အစဉ်တစိုက် ပြည်သူလူထု၏အကျိုးကို ကဏ္ဍအလိုက်ကောင်းမွန် မှန်ကန်သော နည်းလမ်းများဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ယင်းသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့် မကိုက်ညီသော၊ မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံး၍ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုမှုများ ပြုလုပ်ခဲ့ပါက ထိခိုက်နစ်နာသည့် ပြည်သူလူထုများကိုယ်တိုင် စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဝန်ကြီး ဖုန်း ၀၆၇-၄၀၅၀၀၅၊ ရုံးအဖွဲ့မှူး ဖုန်း ၀၆၇-၄၀၅၀၀၄၊ ဖက်(စ်)၀၆၇-၄၀၅၀၇၁၊ သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ် (၂၈) နေပြည်တော် email, mofofficepma @ mptmail. netmm တို့ ဖြစ်သည်။

ထိုသို့တိုင်ကြားလာပါက ဝန်ကြီးရုံးအနေဖြင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ် အရေးယူသွားမည်ဖြစ်ပြီး ပြည်သူလူထုများကလည်း နည်းလမ်းမှန်ကန်စွာ ပါဝင်ဆောင်ရွက်ကြရန် အသိပေးအကြောင်းကြားထားသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၃-၂၀၀၇ (စနေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၇:၅၅	ကုန်သွယ်စီးပွားနိုင်ငံ့အား (ရည်မှန်းချက်ခိုင်ခိုင် UMFCCI)
၈:၂၀	တေးဂီတအစီအစဉ်
၈:၂၅	ပျော်ရွှင်ကစားမြွေလှေကား
၈:၅၅	တေးဂီတအစီအစဉ်
၉:၀၀	မြန်မာ့"အိုး"
၉:၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၃၅	ပြည်တွင်းသတင်းအကျဉ်း
၉:၄၀	နိကာယ်ငါးရပ်ပိဋကတ် မြန်မာပြန်တရားတော်များ သင်တန်း
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၀:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၅	အဏ္ဏဝါ၏သားကောင်းများ
၁၁:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅	ဆည်မြောင်းရဲ့အားမာန် ပေါင်းလောင်း ရေလှောင်တမံ
၁၁:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၅	မိုးလေဝသခန့်မှန်းချက်
၁၁:၄၀	သိစေချင်သည် ICT Trouble Shooting အကြောင်းသိကောင်းစရာ
၁၂:၀၀	တေးဂီတအစီအစဉ်
၁၂:၀၅	အဆင်းရော၊ အချင်းပါ ပြည့်စုံတဲ့ မြစ်မင်းဧရာဝတီကို စုန်ဆင်းခြင်း ခရီးတစ်ခေါက်
၁၂:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၄၀	တေးဂီတအစီအစဉ်
၁၂:၄၅	အနာဂတ်ပန်းများ ပွင့်လန်းဝေဆာ မြင်သာမြို့ဦး ပရဟိတဂေဟာ (အပိုင်း-၂)
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့် သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီ အင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅:၀၀	ပွဲကြိုသုံးသပ်ချက် (၁)	5-Sports
၅:၃၀	ပွဲကြိုသုံးသပ်ချက် (၂)	5-Sports(Live)
၆:၁၀	Liverpool-Arsenal	5-Sports(Live)
၈:၂၅	Man Utd-Blackburn	5-Sports(Live)
	West Ham-Middlebrough	5-Series(Live)
	Bolton-Sheffield	5-Cartoons(Live)
၁၀:၄၀	Watford-Chelsea	5-Series(Live)
၁၁:၀၀	Newcastle-Man City	5-Sports(SDD)

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ဒေသဖွံ့ဖြိုးစီးပွားတိုး

ပြည်ပဈေးကွက်တိုးချဲ့တက်လှမ်းနေသည့် မြန်မာ့ကြိမ်ထည်လုပ်ငန်း

သတင်းဆောင်းပါး–ညီညီစိုးညွန့်
ဓာတ်ပုံ–စိုးညွန့် (ကြေးမုံ)

မြန်မာ့ရိုးရာ လက်မှုအနုပညာပစ္စည်းများအနက် ကြိမ်ထည်ပစ္စည်းများသည် ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံများကပါ နှစ်ခြိုက်သုံးစွဲလျက်ရှိနေသည်။ မြန်မာ့ကြိမ်ထည်ပစ္စည်းများကို တရားဝင် Website များတွင် တင်ထားရာ ပြည်ပနိုင်ငံများက ဝင်ရောက်ကြည့်ရှုကြပြီး ကြိုက်နှစ်သက်ကြသဖြင့် မှာယူမှုများပြားနေကြောင်း သိရသည်။ ကြိမ်ထည်ပစ္စည်းများကို ပြည်တွင်းထက် ပြည်ပနိုင်ငံများက ပိုမိုနှစ်သက်ကြသည်။ ဘယ်လ်ဂျီယံ၊ အီတလီနှင့် ပြင်သစ်နိုင်ငံတို့က အများဆုံးမှာကြပြီး ယခုအခါ တူရကီနှင့် အင်္ဂလန်တို့ကလည်း မှာလာကြကြောင်း ဈေးကွက်အခြေအနေအရ သိရသည်။ Website တွင် တင်ထားသည့် ကြိမ်ထည်ပစ္စည်းများကို E-mailနှင့် အဆက်အသွယ်လုပ်ပြီး မှာနေကြကြောင်းလည်း သိရသည်။

"တချို့ ဥရောပသားတွေဆိုရင် ဝါးနဲ့ကြိမ်ကို မြင်တောင်မမြင်ဖူးကြဘူး။ ဒါပေမယ့် သူတို့က အသစ်အဆန်းဖြစ်ပြီး အနုပညာမြောက်တော့ ကြိုက်ကြတယ်။ ပြည်တွင်းမှာ တချို့ဟိုတယ်တွေက ကြိမ်ထည်ပစ္စည်းတွေကို မှာတာရှိတယ်။ ကမ္ဘာလှည့်ခရီးသည်တွေကို ဆွဲဆောင်တဲ့အနေနဲ့ အမြင်တစ်မျိုးဖြစ်အောင် လုပ်တဲ့အနေနဲ့ပေါ့။ ပြည်တွင်းမှာလည်း ကြိမ်ထည်ပစ္စည်းတွေကို လူကြိုက်များပြီး အသုံးများလာစေဖို့ ကြိုးစားနေပါတယ်။ မြန်မာ့ကြိမ်ထည်ပစ္စည်းတွေဟာ ပြည်ပမှာ ဈေးကွက်ရပြီးဖြစ်ပေမယ့် ပြည်တွင်းမှာတော့ ဈေးကွက်ရဖို့၊ ခိုင်မာဖို့ ဆက်လက်ကြိုးစားနေရဆဲပါ"ဟု မြန်မာ့ကြိမ်ထည်ပစ္စည်းများ၏ ဈေးကွက်အခြေအနေကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၁)ရှိ Great Myanmar Island ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးမောင်ယုက ပြောပြသည်။

ပြည်တွင်း၌ အသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများကို ပလတ်စတစ်များ၊ ဖိုင်ဘာများ၊ သစ်ချောထည်များဖြင့် အသုံးပြုမှုများပြားလာပြီးနောက် ကြိမ်ထည်ပစ္စည်းများအား အသုံးပြုမှုနည်းပါးလာခဲ့သည်။ ထို့အတွက် ပြည်တွင်းတွင် ရောင်းအားတွင်ကျယ်လာစေရေးအတွက် ဒီဇိုင်းပုံစံ အသစ်အဆန်းများဖြင့် ထုတ်လုပ်နေကြသည်။

ကြိမ်ထည်ပစ္စည်းများ၏ အဓိကအသက်သွေးကြောမှာ ကုန်ကြမ်းဖြစ်သည်။ ကုန်ကြမ်းကြိမ်များကို ကချင်ပြည်နယ်မှ တနိုင်း၊ ဗန်းမော်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ ရရှိကြောင်း၊ ကြိမ်နှင့်ကြိမ်အနွယ်ပင်များက အမျိုးပေါင်း ၁၀၀ ကျော်ရှိသော်လည်း ကြိမ်လုပ်ငန်း၌ အမှန်တကယ် အသုံးပြုနိုင်သော အမျိုးအစားက ငါးမျိုးခန့်သာရှိသည်။

"ကြိမ်ထည်ပစ္စည်းတွေ လုပ်တော့မယ်ဆိုရင် အရင်ဆုံး မညီမညာဖြစ်နေတဲ့ ကြိမ်လုံးတွေကို ညီညာသွားအောင် စက်နဲ့ညှိရပါတယ်။ ကြိမ်ကုလားထိုင်တစ်လုံး လုပ်မယ်ဆိုရင် ဒီဇိုင်းဆရာက ပုံစံတစ်ခု အရင်ဆုံး လုပ်ပေးတယ်။ အဲဒီပုံစံအတိုင်း ကြိမ်မျှင်လိုက်ပတ်ပြီးထိုးတယ်။ ရလာတဲ့ အကြမ်းထည်ပစ္စည်းကို အောက်ခံဆေးလိမ်းတယ်။ ခြောက်သွားရင် အညိုရောင်ဆေးလိမ်းပြီး ခြောက်အောင်နေလှန်းရတယ်။ ပြီးရင် ပစ္စည်းမှာ အနာအဆာရှိ၊ မရှိ စိစစ်ပြီးမှ Export လုပ်ပါတယ်။ ပစ္စည်းအရည်အသွေး ထိန်းတဲ့သဘောပါ။ ကုလားထိုင်တစ်လုံး ပြီးဖို့ဆိုရင် သုံးရက်လောက် ကြာပါတယ်"ဟု ဦးမောင်ယုက ဆက်လက်ပြောပြသည်။

နည်းပညာများ တိုးတက်နေသည့် ယနေ့အချိန်အခါတွင် ဒီဇိုင်းအမြင်သစ်ဆန်းမှသာ ဈေးကွက်၌ ယှဉ်ပြိုင်နိုင်စွမ်းရှိမည်ဖြစ်ပြီး ဝယ်သူကို ဆွဲဆောင်နိုင်စွမ်းရှိမည်ဖြစ်သည်။ မြန်မာ့ကြိမ်ထည်ပစ္စည်းများကို ပြည်ပနိုင်ငံများက အကြိုက်တွေ့ပြီး မှာကြခြင်းမှာ လက်မှုအနုပညာ ပြောင်မြောက်မှုကို အသိအမှတ်ပြုသည့် သဘောဖြစ်ပါသည်။ ယင်းအခြေအနေများကို ဆက်ထိန်းပြီး ပိုမိုကောင်းမွန်အောင်၊ အမြဲတမ်း ဆန်းသစ်နေအောင် တီထွင်ကြံဆနေကြရမည် ဖြစ်ပါသည်။

ပြည်တွင်းထွက် သစ်တောသယံဇာတ အရင်းအမြစ်များဖြင့် အနုပညာလက်ရာမြောက် ထုတ်လုပ်ဖြန့်ချိကာ ပြည်တွင်း၊ပြည်ပဈေးကွက်များတိုးချဲ့ဆောင်ရွက်တက်လှမ်းနေသော မြန်မာ့ကြိမ်ထည်ပစ္စည်းများအကြောင်း တစေ့တစောင်း တင်ပြလိုက်ရပါသည်။ ။ (ကြေးမုံ)

"ပြည်ပကသာမက ပြည်တွင်းမှာလည်း ကြိမ်ထည်ပစ္စည်းများ လူကြိုက်များပြီး အသုံးများစေဖို့ ကြိုးစားနေ" (ဦးမောင်ယု၊ မန်နေဂျင်းဒါရိုက်တာ၊ Great Myanmar Island Co., Ltd.)



ကျွမ်းကျင် အလုပ်သမများ ကြိမ်ကုလားထိုင် ထိုးကြသည့် လုပ်ငန်းခွင်တစ်နေရာ။

ပြည်တွင်းပြည်ပ ဈေးကွက်သို့ တင်ပို့ရန် အသင့်ဖြစ်နေသည့် မြန်မာ့ကြိမ်ထည် ကုလားထိုင်များ။

ကြိမ်ထည် အိမ်သုံးပစ္စည်းများ

ကြိမ်ထည်ဖြင့် ရက်လုပ် ထုတ်လုပ်ထားသည့် အိမ်သုံးပစ္စည်းများအား အစီအရီ တွေ့ရစဉ်။



တရားတော်များဟောကြားမည်

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာ သိမ်ကုန်းကျောင်းတိုက်မှ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရ(ဓမ္မာစရိယM.Aကိုလံဘို)က ဝိပဿနာအလုပ်ပေးတရားတော်များကို ဧပြီ ၁၃ ရက်မှ ၁၇ ရက် (သင်္ကြန်အကြိုနေ့မှနှစ်ဆန်းတစ်ရက်အထိ) မွန်းတည့် ၁၂ နာရီတွင် ဟောကြားတော်မူပြီး အလှူရှင်တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က သံဃာတော်များနှင့် ယောဂီများအား ဆွမ်းခဲဖွယ်၊အချိုရည်တို့ကို လှူဒါန်းမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မင်းလှဓမ္မရိပ်သာကျောင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန် ၁၀ ရက်တရားစခန်းကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဩဝါဒအတိုင်း ဧပြီ ၁၂ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသည့် ယောဂီများနှင့်ဒုလ္လဘရဟန်း ဝတ်လိုသူများသည် ဧပြီ ၇ ရက်နောက်ဆုံးထား၍ မင်းလှဓမ္မရိပ်သာ ဖုန်း-၅၄၀၂၈၉ သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်းသိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၃-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၁၅	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၂၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၂၅	၅။	ကျန်းမာသုတ
၁၂း၃၀	၆။	**ရုပ်မြင်သံကြားဇာတ်လမ်း "သင်္ကြန်နဲ့ကျွန်တော်" သရုပ်ဆောင်-ထွန်းထွန်း၊ နန်းဆုရတီစိုး၊ ပပဝင်းခင်၊ ဝိုင်းစုခိုင်သိန်း၊ ပုလဲဝင်း ဒါရိုက်တာ-ကြည်ဖြူသျှင်**
၁း၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁း၅၅	၈။	အပိတ်နှုတ်ဆက်စကား
၂း၀၀	၉။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၄း၃၅	၄။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅း၃၅	၅။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၆။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၇။	နိုင်ငံတကာသတင်း
၆း၂၀	၈။	မိုးလေဝသသတင်း
၆း၂၅	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၀။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၀	၁၁။	အုံသြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀	၁၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း-၃၅)**
၈း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၆။	**ENGLISH PREMIER LEAGUE ဘောလုံးပွဲ -Watford Vs Chelsea (Live)**
	၁၇။	သင့်အတွက်မနက်ဖြန်
	၁၈။	အပိတ်နှုတ်ဆက်စကား
	၁၉။	ပြီးပါပြီ။

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာ အသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို မတ် ၂၉ရက် နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီး ဘုရားလမ်းရှိ တိုင်းရင်းဆေးရုံ သင်တန်း ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌ သမားတော်ကြီး ဦးဉာဏ်လွင်က ဆောင်ရွက်ပြီး နှစ်ပတ်လည်သင်းလုံး ကျွတ်အစည်းအဝေး ကျင်းပရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင် ညွှန့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် သဘာပတိ သမားတော် ကြီး ဦးဉာဏ်လွင်က အမှာစကား ပြောကြားပြီး အမှုဆောင်အဖွဲ့၏ နှစ်ချုပ် အစီရင်ခံစာကို အတွင်းရေးမှူး ဦးစိုးဝင်း က လည်းကောင်း၊ နှစ်ချုပ် ဘဏ္ဍာရေး ရှင်းတမ်းကို ဘဏ္ဍာရေးမှူးဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က လည်းကောင်း ဖတ်ကြား တင်ပြကြသည်။

နေ့လယ်ပိုင်း အစည်းအဝေးတွင် သဘာပတိအဖြစ် တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာ တင်ညွှန့်က ဆောင်ရွက်ပြီး မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ဗဟိုအလုပ် အမှုဆောင် အဖွဲ့ဝင်သစ်များ ရွေးချယ် တင်မြှောက်ကြသည်။ အစည်းအဝေးကို မတ် ၃၀ ရက်အထိ ကျင်းပကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်း မဟာစည် သာသနာ့ရိပ်သာလမ်း၊ အမှတ် (၁၆) ဟိတေသီအဖွဲ့တွင် ဒေသ့ခံ ဓမ္မာရုံ နှစ်ထပ်ဆောင်ဆောက်လုပ် ရန်အတွက် ဗုဒ္ဓဘာသာနုဂ္ဂဟအဖွဲ့ ချုပ်မှ အမှုဆောင် ဦးသိန်းထိုက်ဦး မိသားစုက အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးကျော်၊ အတွင်းရေးမှူး ဦးတင်ရွှေနှင့် ဘဏ္ဍာ ရေးမှူးဦးတင်ဆွေတို့ လက်ခံရယူ စဉ်။ (က-ပ)

နွေရာသီ အားကစားသင်တန်းများအတွက် အားကစားပစ္စည်းများ ပေးအပ်ပွဲကျင်းပ

နေပြည်တော် မတ် ၃၀

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူး ချုပ်သူရအေးမြင့်သည်မတ်၂၉ရက်နံနက် ၇နာရီခွဲတွင် နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၆) အခြေခံပညာအထက်တန်း ကျောင်း၊အမှတ်(၃) အခြေခံပညာအလယ် တန်းကျောင်းနှင့် အမှတ်(၃) အခြေခံ ပညာအထက်တန်းကျောင်းများ၌ကျင်းပ သည့် ၂၀၀၇ ခုနှစ် နွေရာသီအားကစား သင်တန်းများအတွက်အားကစားပစ္စည်း များ ပေးအပ်ပွဲ အခမ်းအနားများသို့ တက်ရောက်အမှာစကား ပြောကြားပြီး အားကစားပစ္စည်းများ ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး များကလက်ခံကြပြီးကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

အဆိုပါ နေပြည်တော်ရှိ အခြေခံ ပညာကျောင်းလေးကျောင်း၌ နွေရာသီ အားကစားသင်တန်းများအဖြစ်ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ အေရိုး ဗစ်၊ မြန်မာ့သိုင်း၊ ကရာတေးဒို၊ တိုက် ကွမ်ဒို စသည့်အားကစားနည်းများကို သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များမှ ကျွမ်းကျင်သူ နည်းပြများဖြင့် ဧပြီ ၁၀ ရက်ထိဖွင့်လှစ်သွားမည်ဖြစ်ပြီးသင်တန်း သားသင်တန်းသူ ၁၁၆၅ ဦး တက် ရောက်လျက်ရှိကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

ထွန်းဖောင်ဒေးရှင်း စာပေဆုများ ချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃၀

ထွန်းဖောင်ဒေးရှင်းဘဏ်က မြန်မာ စာပေဖွံ့ဖြိုးရေးအတွက် တစ်တပ် တစ်အား ကူညီဆောင်ရွက်ပေးသောအားဖြင့်မြန်မာ နိုင်ငံစာပေနှင့်စာနယ်ဇင်း အဖွဲ့နှင့်မြန်မာ စာပေပညာရှင်များ အကူအညီဖြင့် ပထမအကြိမ် စာအုပ်ဆုနှင့် စာမူ ဆုများ ရွေးချယ်ကြေညာပြီးဖြစ်သည်။

ပထမအကြိမ် ထွန်းဖောင်ဒေးရှင်း စာပေဆု ဆုပေးပွဲ အခမ်းအနားကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင် လမ်း အမှတ်(၁)ရှိ မြန်မာနိုင်ငံဘဏ် များအသင်း၌ ဧပြီ ၄ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဆုရရှိသူများသည်ထွန်းဖောင်ဒေးရှင်း စာပေဆု ကော်မတီအမှတ်(၅၃/ ၆၁) သိမ်ဖြူလမ်းနှင့်ကမ်းနားလမ်းထောင့် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၁၈၈၁ သို့ ဆက်သွယ်ကြရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုပ္ပား(၂)မိုးကုတ်ရိပ်သာ တရားစခန်း

ရန်ကုန် မတ် ၃၀

မြောက်ဥက္ကလာပမြို့နယ်၊ညရပ်ကွက် ပုပ္ပား(၂)မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ (၁၄၉)ကြိမ်မြောက် သင်္ကြန်တွင်းတရား စခန်းပွဲကို ဧပြီ ၁၂ရက် မှ၂၁ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ ဧပြီ ၁၁ရက် ညနေ အရောက် လာရောက်ကြရမည်ဖြစ် သည်။

ထိုစခန်းပွဲကို ပုပ္ပား(၂)မိုးကုတ်ရိပ် သာ ဆရာတော်ဘဒ္ဒန္တ သောဘန (ဓမ္မာ စရိယ LL.B)၊ ပန်းချီဆရာကြီး ဦးလွန်း ကြွယ်နှင့်ပုပ္ပား(၃)မိုးကုတ်ရိပ်သာ ဆရာ တော်ဘဒ္ဒန္တ ဇာဂရ (ဓမ္မာစရိယ၊မဟာ ဓမ္မာစရိယ)တို့က ဟောကြားကြမည် ဖြစ်ပါ၍ ယောဂီများအနေဖြင့် လူကိုယ် တိုင်ဖြစ်စေ၊ဖုန်း-၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန် အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ ပူးပေါင်းပြုလုပ်သော ဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ရက်က မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံးအနီးတွင်ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သောင်းမြ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ဝ၈)

လန်းဒန်မြို့ မိုးကုတ်ဝိပဿနာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ (ရွှေသီဂီရိတနာဓမ္မာရုံ၊ ၉၈ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်) သို့ အလုံမြို့နယ် ဆင်မင်းရပ်ကွက် သိပ္ပံလမ်းနေ ဒေါ်မြနွယ်၊ သမီး ဒေါ်မြင့်မြင့်၊ ဦးဝင်းမြင့်အောင်၊ မခင်ရူပါချော၊ မောင်ရဲကျော်ထင် တို့က ငွေကျပ် ၁၀၃၀၀၀ လှူဒါန်းရာ အတွင်းရေးမှူး ဦးမြင့်ဆွေ လက်ခံ ယူစဉ်။ (က-ပ)

သဲအင်းဂူတရားစခန်း

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့ နယ် (၅)ရပ်ကွက်၊ အမှတ်(၄)ဝိုင်း၊ ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်း ကျောင်းတွင် အရှင်ပဏ္ဏဝံသ (မိဂလုံ) ဆရာတော်က ခန္ဓာကိုယ်တွေ့သမထ ဝိပဿနာ တရားတော်များကို ဧပြီ ၁၂ရက်မှ ၂၀ ရက်အထိ တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်သူများအား အခမဲ့ အာဟာရဒါန ကျွေးမွေးလှူဒါန်းမည် ဖြစ်ပြီး တရားစခန်းဝင်လိုသူများသည် ဧပြီ ၁၁ရက်ညနေ အရောက်လာရောက် ရန် နိူးဆော်ထားသည်။ **(က-ပ)**

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု ဥက္ကံမြို့၌ ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် မတ် ၃၀

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မ တော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ရန်ကုန် မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥက္ကံ မြို့ အနော်ရထာရပ်ကွက် ဆိုင်းတန်း လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၄ရက်တွင် အဆိုပါ လမ်းသစ်ထိပ် မှခ်ဦး၌ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိဒုတိယညွှန်ကြား ရေးမှူး ဦးတင်ဝင်းတို့က အမှာစကား ပြောကြားကြပြီး ဦးမြင့်အောင်က ကျေးဇူးတင်စကားပြောကြား၍ လမ်း ဖွင့်ပွဲအထိမ်းအမှတ် အလံငယ်များကို တာဝန်ရှိသူများထံပေးအပ်သည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးတို့ကဖဲကြိုးဖြတ် ၍ လမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။

အဆိုပါကတ္တရာလမ်းသစ်သည်အရှည် ပေ ၄၀၀၊ အကျယ် ၁၂ ပေရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆုချီးမြှင့်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမိုးမြင့်က ဆုရရှိသူတစ်ဦး အား ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

နွေရာသီရွက်လှေသင်တန်းဆင်းဆုချီးမြှင့်

ရန်ကုန် မတ် ၃၀

အားကစားဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်တို့မှကြီးမှူး ဖွင့်လှစ် သည့် ၂၀၀၇ ခုနှစ် နွေရာသီ ရွက်လှေ သင်တန်း သင်တန်းဆင်း လက်မှတ် နှင့်ဆုပေးပွဲအခမ်းအနားကို မတ်၂၀ရက် က ရန်ကုန်မြို့ အင်းယားလမ်းရှိရန်ကုန် ရွက်လှေအသင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဝင် မြန်မာနိုင်ငံ ရွက်လှေ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က နှုတ်ခွန်း ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်း ရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ရွက်လှေ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များနှင့် အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်သည်။

အသက်၁၀နှစ်အောက် လူသစ်တန်း ပြိုင်ပွဲ၌ ပထမ- မောင်ဖုန်းသီဟပိုင်၊ ဒုတိယ-မောင်စိုင်းစိုင်းဇော်၊ တတိယ- မငွေစင်၊ အသက်(၁၀)နှစ်နှင့်အထက် လူသစ်တန်း ရွက်လှေပြိုင်ပွဲ ပထမ- မောင်သီဟဇော်၊ ဒုတိယ- မဆင့်ညို စော၊ တတိယ -မောင်ရဲထူးကျော်၊ အကြီးတန်းပြိုင်ပွဲတွင် ပထမ-မဝေဝေ မြင့်နှင့် တင်ဇာလင်း၊ ဒုတိယ-မောင်နေ လှိုင်နှင့် မြင့်မောင်မောင်၊ တတိယ- မောင်ရန်နိုင်စိုးနှင့် မစိုးယုနိုင်တို့က ရရှိကြသည်။ နွေရာသီ ရွက်လှေ သင်တန်းသို့ သင်တန်းသား၊ သင်တန်း သူ ၇၉ ဦး တက်ရောက်ခဲ့ကြသည်။ (ကြေးမုံ)

The LIVE NEWS ဂျာနယ် အမှတ်(၃၀)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၃၀

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ်အမှတ်(၃၀)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ဇောခိတစ်ထောင် သာသနာ့နယ်မြေတွင်တည်ထားကိုးကွယ်မည့် ကိုရီးယား နိုင်ငံမှ လှူဒါန်းသော ဆင်းတုတော်များ၊ ဂျပန်မှစာလုံးလှရေးနည်း ပညာရှင်မြန်မာ နိုင်ငံသို့ လာရောက်သင်ကြားပေးမည်၊ ဘွဲ့ရကျောင်းသားများ ပြည်ပပညာ အခမဲ့သင်ကြားနိုင်၊ကုမ္ပဏီကိုယ်စားလှယ်ကတ် သက်တမ်းတိုးလျှင် M.Dကိုယ်တိုင် လက်မှတ်ထိုး၍ ထုတ်ယူခွင့်ရှိ၊ 3D Fundမှ ဒေါ်လာ သန်း ၂၀မြန်မာနိုင်ငံအတွက် လှူဒါန်းမည်၊ စာတော--ပေတောသို့ပထမခြေလှမ်း၊ အသံထွက်မှန်ဖို့၊ စာမူခနှင့် သေတစ်နေ့မွေးတစ်နေ့၊ ဂျိမ်းစ်ဘွန်းမေခလာလက်ချက်မိသွားသော ပထမအရာရှိ၊ တက္ကစီမင်းနှင့်ရှင်မတောင်သနပ်ခါး၊ ဖီးလ်မစ်ကယ်လ်ဆင် အမေရိကန်မာစတာစ် တွင် နှစ်နှစ်ဆက် ချန်ပီယံ ဖြစ်လာနိုင်မည်လား၊ အီရန်ကို အမေရိကန်တိုက်မလား၊ ဗြိတိသျှရေတပ်သား ၁၅ ဦးကို အီရန်နိုင်ငံကဖမ်းဆီး၊ အီရတ်ဒုတိယဝန်ကြီးချုပ် ဗုံးကွဲမှုတွင် ဒဏ်ရာရရှိ၊ အဝလွန်သူတို့ရဲ့ဒုက္ခ၊ ဘေးကျပ်နံကျပ်ဖြစ်နေကြတဲ့ အမေရိကန်ရှေ့နေချုပ်နဲ့ ရေကြောင်းဗိုလ်ချုပ်ကြီး၊ ပထမဆုံး ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးသစ် ပြင်သစ်မှာ ထုတ်လုပ်ပြီ၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ် လမ်းများစသည့် သတင်း၊ဆောင်းပါး၊အားကစား၊ အနုပညာကဏ္ဍများကို ဝေဝေ ဆာဆာ တင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း(၀၀၄)၊ လမ်းမတော်မြို့နယ်၊ ဖုန်း- ၂၂၉၈၈၂၊ ၂၂၉၈၈၅သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (က-ပ)

မတ် ၂၃ရက်က ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်လမ်းရှိ လူမှုဝန်ထမ်း ဦးစီးဌာန ကလေးပြုစုရေးဌာနသို့ ဆရာစံပလာဇာ ဒုတိယထပ်ရှိ EMU. Crafts Work မိသားစုက နှစ်ရက်စာ အာဟာရကျွေးမွေးခြင်း၊ ဉာဏ်ရည်မြှင့် ကလေးကစားစရာ အစုံ ၂၀၊ ကောင်တာစားပွဲတစ်လုံးနှင့် ငွေပဒေသာပင်အပါအဝင် စုစုပေါင်း ကျပ်ဆယ်သိန်းဖိုး ပေးအပ်လှူဒါန်းရာ ရွှေဂုံတိုင်ကလေးပြုစုရေးဌာန အုပ်ချုပ် ရေးမှူးဒေါ်သိန်းသိန်းမြင့် လက်ခံ ယူစဉ်။ (လူမှုဝန်ထမ်း)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လှိုင်သာယာဆေးရုံ သန့်ရှင်းရေးနှင့် ဆေးပဒေသာပင်လှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူး၍ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံ သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည် သာယာလှပရေး စုပေါင်းဆောင်ရွက်မှုနှင့် ဆေးပဒေသာပင်လှူဒါန်းပွဲကို ယနေ့နံနက် ၇နာရီတွင် အဆိုပါဆေးရုံ၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဆန်းထက်က ဆေးရုံဝင်းအတွင်း သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်စေရေးတို့အတွက် အမှိုက်များ ရှင်းလင်းသိမ်းဆည်းခြင်းနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း၌ ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး သန့်ရှင်းရေး စုပေါင်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆေးပဒေသာပင် လှူဒါန်းပွဲကို အဆိုပါဆေးရုံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံသို့ ငွေလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့က ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ငွေကျပ်နှစ်သိန်း၊ ဗိုလ်မှူးချုပ်စည်သူ တင်ဖေ(ငြိမ်း)-ဒေါ်သိန်းဆိုင်(စာရေးဆရာမကြီး မမြတ်လေး) နှင့် သားသမီးမြေးတစ်စုက ငွေကျပ်တစ်သိန်း၊ လှိုင်သာယာ စက်မှုမြို့ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီက ငွေကျပ် ၅၇၀၀၀၀ အပါအဝင် အလှူရှင်များက အလှူငွေစုစုပေါင်း ငွေကျပ်သိန်းသုံးဆယ်ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဆန်းထက်တို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် မိသားစုက လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင် အတွက် လှူဒါန်းငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းစဉ်။ (မြို့တော်စည်ပင်)

ဗိုလ်ချုပ်အောင်ဆန်းဈေး သင်္ကြန်အကြို ဈေးရောင်းပွဲ တော်ဖွင့်

ရန်ကုန် မတ် ၂၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ပိုင်အောင်ထရေးဒင်း ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသော ဗိုလ်ချုပ်အောင်ဆန်းဈေး မဟာသင်္ကြန်အကြို အထူးဈေးရောင်း ပွဲတော်ဖွင့်ပွဲကို ယနေ့ နံနက် ၉နာရီက ဈေးရှေ့မုခ်ဦး၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဈေးများဌာန ဌာနမှူး ဦးစိုးမြင့်နှင့် ပိုင်အောင်ထရေးဒင်းကုမ္ပဏီ လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးနိုင်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(ဝဲပုံ)** ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဗိုလ်ချုပ်အောင်ဆန်းဈေး မဟာသင်္ကြန်အကြို အထူးဈေးရောင်းပွဲတော်ကိုမတ် ၂၀ ရက်မှ ဧပြီ ၃ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၆နာရီခွဲအထိ ဆိုင်ခန်းပေါင်း ၂၀၀ကျော်က ကုန်ပစ္စည်းမျိုးစုံကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ဓမ္မစေတီဆရာတော် အထူးတရားပွဲ

ရန်ကုန် မတ် ၂၀

ဓမ္မစေတီဆရာတော် ဘဒ္ဒန္တ ကောသလ္လ သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A(Buddhism)သည် ဧပြီ ၂ရက် (တနင်္လာနေ့) ည ၇နာရီတွင်ပြုလုပ်မည့် ဦးတင်ဦး-ဒေါ်မြင့်မြင့်ခိုင် မိသားစု၏ အလှူတော်မင်္ဂလာ အထူးတရားပွဲကို (အင်းစိန်မြို့နယ် ရွာမ ပရိယတ္တိစာသင်တိုက်) တွင် တရားတော်များ ဟောကြားမည်ဖြစ်၍ တရားနာယူနိုင်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်း တာမွေမြို့နယ်၊မာန်အောင်ရပ်ကွက် လေးဒေါင့်ကန်လမ်းမ မိုးကုတ်ဝိပဿနာ အေးရိပ်သာကျောင်းတိုက်အဖွဲ့ခွဲ အမှတ်(၃၁၈)၌ မိုးကုတ်ဝိပဿနာ အလုပ်ပေးတရားစခန်းပွဲကို ဧပြီ ၆ရက်မှ ၁၆ရက်အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဦးစီးပဓာန နာယကဆရာတော် ရွှေမန်းဦးသူရိယ(ဓမ္မာစရိယ) မဟာကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရက ခန္ဓာဉာဏ်ရောက်နိဗ္ဗာန်ရောက်ကြောင်း သစ္စာလေးပါး အလုပ်ပေးတရားများ ဟောကြားမည်ဖြစ်ပါ၍ တရားစခန်းဝင်မည့် ယောဂီများ ဖုန်း-၅၄၅၄၁၅ သို့ အချိန်မီ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြည်သူ့ထံမှ ပေးစာ

ယာဉ်များ၌ ထိုင်ခုံအပြည့်တပ်ဆင်ပြေးဆွဲပေးသင့်

စာတည်းခင်ဗျား-

မထသ အမှတ် ၃၆၊ ၂၀၃၊ ၂၀၅၊ ၂၀၇ မော်တော်ယာဉ်လိုင်းမှယာဉ်အချို့သည် ထိုင်ခုံများအပြည့် မတပ်ဆင်ဘဲ ကုန်တင်ကားသဖွယ် ခရီးသည်များ တင်ဆောင်ပြေးဆွဲနေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ယာဉ် များအား ထိုင်ခုံများ တပ်ဆင်ပြေးဆွဲ စေရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ထိုင်ခုံတပ်ဆင်စေလိုသူ

နှစ်တန်အထက်ကုန်တင်ယာဉ် ဝင်ထွက်မှုကြပ်မတ်ပေးပါ

စာတည်းရှင့်-

အင်းစိန်မြို့နယ် နံ့သာကုန်း ရပ်ကွက် ရွှေပြည်အေးလမ်းသွယ် အတွင်း ကားတစ်စီးစာသာ ဝင်ထွက်နိုင်သော လမ်းတွင် ပုလင်း၊ ပလတ်စတစ်၊ သံတိုသံစများကို (၂)တန်အထက်ယာဉ်များဖြင့် တင်ချပြုလုပ်လျက်ရှိရာ လမ်းပိတ်နေခြင်း၊ ကုန်တင်ကားများ ဝင်ထွက်မှုကြောင့် တယ်လီဖုန်းကြိုးများ ပြတ်တောက်ခြင်း၊ မီးတိုင်များ တိုက်မိခြင်းများ မကြာခဏ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ လမ်းကျဉ်းအတွင်း ကုန်တင်ယာဉ်များ ဝင်ထွက်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား ဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

အမှိုက်များ ရှင်းလင်းပေးစေလို

စာတည်းရှင့်-

ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ် (၄)ရပ်ကွက် မေတ္တာ(၁)လမ်းနှင့် ရပ်ကွက်ရုံးကြားလမ်းဘေး တစ်လျှောက်တွင် အမှိုက်ပုံကြီးရှိရာ တာယာနှင့်အဝတ်စ၊ အမှိုက်စများကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှိုက်ပုံမှ အမှိုက်များသိမ်းဆည်းရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မေတ္တာလမ်းသူများ

ကြက်သွန်နီပွဲရုံ ရှင်းလင်းဆောင်ရွက်ပြီး

၁၀-၃-၂၀၀၇ရက်နေ့ထုတ် ကြေးမုံ သတင်းစာပါ မြင်းခြံမြို့ အမှတ်(၇) ရပ်ကွက်ရှိ ဘုရားဝိုင်းအတွင်း၌ ဖွင့်လှစ်လုပ်ကိုင်နေသည့် **ကြက်သွန်နီပွဲရုံသတ်မှတ်နေရာသို့ ပြောင်းစေလို** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

မင်္ဂလာဈေးမှ မိလ္လာအနံ့ဆောင်ရွက်ပြီးစီး

၁၀-၂-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံ သတင်းစာပါ မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေး အပေါ်ထပ် အိမ်သာမှ **မိလ္လာအနံ့ ပတ်ဝန်းကျင်ပျံ့နှံ့** ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ကားဘော်ဒီရုံမှ ထုရိုက်သံ ပတ်ဝန်းကျင်ဆူညံ

စာတည်းရှင့်-

မကွေးတိုင်း မကွေးမြို့နယ် မြင်သာ ရပ်ကွက် မေတ္တာလမ်းပေါ်ရှိ ကားဘော်ဒီရုံတစ်ရုံသည် မီးစက်နှစ်လုံးဖြင့် ထုရိုက်လုပ်ကိုင်လျက်ရှိရာ အသံများဆူညံနေပြီး ကားဆေးမှုတ်သော အနံ့များကို နေ့ရောညပါ ရှူရှိုက်နေရပါသဖြင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်နေရပါသည်။

သို့ဖြစ်ပါ၍ ကားဘော်ဒီရုံမှ ဆူညံသံနှင့် ကားဆေးမှုတ်သော အနံ့များ ကင်းစေရေး စိစစ်ဆောင်ရွက်ပေး ပါရန် တင်ပြအပ်ပါသည်။

ဆူညံသံမခံနိုင်သူများ

တရားမဝင် လောင်စာဆီ သိုလှောင်ရောင်းချမှု တားဆီးပေးစေလို

စာတည်းရှင့်-

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက် ဗိုလ်မင်းရောင်လမ်းနှင့် မြယာကုန်းလမ်းထောင့်တွင် လောင်စာဆီများ သိုလှောင်ဖြန့်ဖြူးရောင်းဝယ်လျက်ရှိပါသည်။ လူနေအိမ်တွင်သာမက နောက်ဖေးလမ်းကြားတွင် ဂိုဒေါင်သဖွယ် သွပ်မိုးပြီး လောင်စာဆီပီပါများစွာ သိုလှောင်ထားရှိပါသည်။ မီးဘေးအန္တရာယ်ဖြစ်နိုင်ပါသဖြင့် အဆိုပါတရားမဝင် လောင်စာဆီ သိုလှောင်ရောင်းဝယ်နေခြင်းအား တားဆီးပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

လမ်းမပေါ်ကျူးကျော်နေမှုများ ရှင်းလင်းဖယ်ရှား

စာတည်းခင်ဗျား-

စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် သီရိလမ်းမှ အိမ်အချို့သည် လမ်းမြေပေါ်ကျူးကျော်၍ ခြံစည်းရိုးကာရံခြင်း၊ ဈေးဆိုင်များဆောက်လုပ်ခြင်း၊ အဖီချခြင်းများကြောင့် လမ်းဘေးဝဲယာရေမြောင်းများ မရှိတော့ဘဲ နွေရာသီမှာပင် လမ်းပေါ်၌ ရေဆိုးရေညစ်များစီးဆင်းလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ရပ်ကွက်သာယာသန့်ရှင်းရေး၊ သွားလာမှုကောင်းမွန်ရေးအတွက် လမ်းမြေပေါ်သို့ ကျူးကျော်နေမှုများအား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

သီရိလမ်းသားများ

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ
(ဦးမြသောင်း) လ/ထညွှန်ကြားရေးမှူး(ငြိမ်း) တရားရုံးချုပ်–
ဒေါ်မြမြသန်း(အထက်တန်းပြ–ငြိမ်း၊ အထက–၄၊ မရမ်းကုန်း)တို့၏သား
မောင်အောင်မြတ်ကျော်
B.Sc (Chemistry) Q
နှင့်
ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာနေ
(ဦးကြည်အောင်)စာရေးဆရာ–ဒေါ်စန်းမြင့်(ခ)ဒေါ်စန္ဒီမာလာ
(လက္ခဏာဗေဒပညာရှင်)တို့၏သမီး
မမြတ်စန္ဒီအောင်
B.A (Hons:) M.Hum (Anthropology) (Indonesia)
လ/ထ ကထိက၊ မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

တို့သည် နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်အရ ၂၈–၃–၂၀၀၇ နေ့တွင် ရန်ကုန်တိုင်း တရားသူကြီး ဦးအောင်ငွေ ရှေ့မှောက်တွင် လက်ထပ်ထိမ်းမြား ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်မြတ်ကျော်–မမြတ်စန္ဒီအောင်

နာမည်ကျော် သရုပ်ဆောင်ဖြစ်လိုပါသလား ?

|အခမဲ့ သရုပ်ဆောင်သင်တန်း|

ဧပြီ ၆ ရက် စဖွင့်မည်။ သင်တန်းကာလ (၆) လ

- လူရွေးချယ်၍ သင်ကြားပေးမည်။ သင်တန်းပြီးဆုံးလျှင် VCD, VIDEO များ၊ စင်မြင့်ဖျော်ဖြေပွဲများ၌ ပါဝင်နိုင်ရန် အာမခံသည်။
- သင်တန်းကြေး၊ စာရွက်စာတမ်းကြေး လုံးဝပေးရန်မလို။
- အောက်ပါလိပ်စာ၌ ဧပြီ ၄ ရက် နောက်ဆုံးထား၍ ဝင်ခွင့်ဖောင် အခမဲ့ တောင်းယူနိုင်သည်။

နတ်သမီး အနုပညာလုပ်ငန်းစု ❑ ၂၃၁ လမ်း ၄၀ အထက်၊ ကျောက်တံတား ☎–၃၈၈၀၄၅

တီစီ – 1

ကားမောင်းစက်ပြင်သင်တန်း

မ/ဒဂုံယာဉ်မောင်းသင်ကွင်း။ U-9 ကွက်။ ☎: 09-5120483
သိမ်ဖြူအမောင်းသင်ကွင်း။ ☎: 298787, 201188
အမှတ်(၂၁၈)၊ ကျိုက္ကဆံလမ်း။ ☎: 545155, 549764

THE MASTERS

အင်္ဂလိပ်စကားပြော(Interchange)
■ နိုင်ငံခြားသွားအမြန် ■ April 2, 4, 6 စမည်။
ဂျပန်စကားပြော ဆရာကြီး Aoki
၂၃၄ ဆူးလေဘုရားလမ်း၊ နေပြည်တော်ရုပ်ရှင်ရုံအပေါ်။ ☎371359

R.S. COMPUTER & LANGUAGE CENTRE

ဦးထင်အောင်ကျော် M.A (Eng;), Dip in ELTM ဦးစီးသော

အင်္ဂလိပ်စကားပြော နှင့် သဒ္ဒါ

☎ - 513320

ပုံမှန် / အုပ်စု / တစ်ဦးချင်း (IELTS ဝိုင်း)

(32), Bld;1, Insen Rd; KMYT. (Near Hledan Traffic)

မီးဘေးရှောင်
မလောင်ခင်တား

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်စန်းစန်းဝင်း ၁၂/လသန (နိုင်)၀၀၂၈၉၈ ပိုင်ဆိုင်သော ယာဉ်အမှတ် သ/၁၉၈၁၏ အခွန်ပုံစံ(၁) ပျောက်ဆုံးသွားပါကြောင်း။ **ဖုန်း–၅၀၂၅၂၇**

တွံတေးအရှင်ကုန္ဒက၏ ဓမ္မပွဲစဉ်များ

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊(၅၁)ရပ်ကွက်၊ မြဝတီမင်းကြီး (၁)လမ်း၊ သိရီမင်္ဂလာ မဟာစည်ရိပ်သာ ကျောင်းတိုက်ဆရာတော် တွံတေးအရှင်ကုန္ဒက(ဓမ္မကထိက ဗဟုဇနဟိတဓရ) အရှင်သူမြတ်သည် ဧပြီ ၁ ရက်မှ ၃ ရက်အထိ ဇန်းမော်မြို့နန်းလှိုင်ကျေးရွာဓမ္မသဘင်၊ ဧပြီ ၄ ရက်တွင် ကျောက်တန်းမြို့နယ် ဓမ္မသဘင်၊ ဧပြီ ၅ ရက်တွင် ၆နာရီခွဲမှ ၇နာရီခွဲ ပေါ်တော်မူဘုရား၊ ကောလိယလမ်း၊ ၂၅လမ်းထိပ်၊ နွယ်နီဦး မဟာပဋ္ဌာန်းစေတီတော် ဓမ္မသဘင်၊ ဧပြီ ၆ ရက်တွင် လေးဒေါင့်ကန်ရပ်ကွက် ရန်ကင်းလမ်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဧပြီ ၇ ရက်တွင် သုံးခွမြို့နယ် သရောဘုတ်ကျေးရွာ ဓမ္မသဘင်၊ ဧပြီ ၈ ရက်တွင် သိရီမင်္ဂလာမဟာစည်ရိပ်သာ သင်္ကြန်အထူးတရားစခန်းပွဲ၌ မွန်းလွဲ ၂ နာရီ၌လည်းကောင်း၊ ယင်းနေ့ ည ၇ နာရီတွင် စီမံကိန်း(၁) ရဟန်းခံရှင်ပြု အလှူတော် မင်္ဂလာဓမ္မသဘင် တောင်ဥက္ကလာပ၊ ဧပြီ ၉ ရက်တွင် သာကေတ ဒေါပုံ ဓမ္မသဘင်၊ ဧပြီ ၁၀ ရက်တွင် မင်းလမ်း ပဲခူးတိုင်း လက်ပံတန်းကျေးရွာ ဓမ္မသဘင်၊ ဧပြီ ၁၁ ရက်တွင် ဦးစံဖေရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ် ဓမ္မသဘင်တို့၌ ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က–ပ)

မွေးနေ့ဆုမွန်

❀ ❀ ❀ ❀ ❀

၃၁.၃.၂၀၀၇ နေ့မှာ ကျရောက်သော အန်တီသန္တာခင် (M.D Thiri Thandar Co.,Ltd) ၏ မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် မိသားစုနဲ့အတူ အေးမြကျက်သရေရှိစွာ သာယာကြည်နူးမှုများနဲ့ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်...

သီရိသန္တာကုမ္ပဏီဝန်ထမ်းများ
Empress Magazine, Emperor Magazine, Empire Printing House

BAHOSI & Yè Thu Aung သင်္ကြန်အထူးခရီးစဉ်

မူဆယ်+ရွှေလီ	April 13	200000Ks
မန္တလေး+တောင်ကြီး	April 13	140000Ks
တောင်ကြီး	April 12,13	100000Ks
ချောင်းသာ	April 12,14	70000Ks

Please Contact: လသာ 01.241180
အောင်ဆန်းကွင်း: 01.381472,249672,393066
အောင်မင်္ဂလာအဝေးပြေး: 704338

စာအုပ်စင်ပေါ် တင်ထားရမယ့်စာအုပ်

လူတကာရှာနေတဲ့ စူလာနဖာအတွက်
ခွန်အားရှိတဲ့ အမှာစာများနဲ့အတူ

ဆူလာနဖာဂယက်နှင့် နောက်ဆက်တွဲဆေးနည်းများ

ထွက်ပြီ
(စာမူခွင့်ပြုချက်အမှတ်- ၄၀၁၂၉၈၀၆၁၀)
ဦးစည်သူ (သုခချမ်းသာ)
စမ်းရေကြည်စာပေ

F.M.I Centre Pre သင်္ကြန်

Music Fashion & Big Sale

3.April, 2007 - 12:00 to 5:00 P.M

Jolly Bird, Easy Rider, Conqueror, CT-Fashion, M+ ...

F.M.I Men Fashion Group (F.M.F.G) မှ စီစဉ်သည်

- သင်္ကြန်အထူးလျှော့ဈေး ဧပြီ ၃ ရက်မှ ၁၂ ရက်အထိ
- *Jolly Bird* တေးဂီတအဖွဲ့၏ဖျော်ဖြေမှု
- *Summer Fashion Show*
- ကလေးငယ်များ၏ သင်္ကြန်ပုံရိပ်သီဆိုဖျော်ဖြေမှု စတဲ့

ပျော်ရွှင်စရာ ဈေးဝယ်ချင်စရာ ၊ ...
Shopping Centre တွေ ဘယ်လောက်များများ
အမျိုးသားများအတွက် အကောင်းဆုံးရွေးချယ်ဈေးဝယ်ရမဲ့နေရာ
F.M.I SHOPPING CENTRE

တွက်ချက်စရာမလိုဘဲ ရိုးရှင်းစွာ အသုံးပြုနိုင်တဲ့
ဂျစ်(ပ်)စီလူမျိုးများရဲ့ ရိုးရာ ဗေဒင်အတတ်ပညာ

ဂျစ်(ပ်)စီဗေဒင်

Gypsy Fortune Telling Cards by JULIA PARKER

စောစံ - (B.A)

P တံခွန်တိုင်စာပေ
အမှတ် (၅၈)၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၃၉၄၆၅၀
စာမူခွင့်ပြုချက်အမှတ် - ၄၀၀၂၁၀၀၂၀၇

ပညာရွှေတောင်စာအုပ်တိုက်
မြန်မာနှစ်သစ်အကြို အထူးဈေးရောင်းပွဲ
(၃ ဧပြီလ ၂၀၀၇ အထိ) ရက်တိုး၍ ရောင်းချပေးနေပါသည်။

ပညာရွှေတောင် တိုက်ထုတ်စာအုပ်များ

၃၀% ၅၀% အထူးလျှော့ဈေး

၂၀% လျှော့၍ ရောင်းနေသော
ပညာရွှေတောင်တိုက်ထုတ် စာအုပ်သစ်များ
ဆရာဦးမောင်မောင်သန်း(ရင်ကိုအေးမြစေသား)၏
သူရဋ္ဌလက်ဆောင်(စတုတ္ထတွဲ)
မောင်သန်းဆွေ (ထားဝယ်) ၏ ထီးစကား နန်းစကား
မင်းသစ္စာလှိုင်(ကဒုံကနီ) ၏
ရွှေလသာချိန်နှင့် အဏ္ဏဝါဒေဝီအရုပ်တော်ပုံ
ပေါ်ဂျာရစ် ၏ သီအိုရီများတဲ့လမင်း
မာယာ ၏ ရွှေကျီးဖြူနှင့် သံသရာ ယန္တရား
မြလင်းယုန် ၏ နတ်မိကျောင်း

တခြားတိုက်ထုတ်စာအုပ်များ ၅%လျှော့ဈေး

အမှတ်(၉၀၉၂)ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၀၆၉၀၊ ၃၈၈၇၃၈

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ အမှတ် (ဒီ–၁၃)၊ ရုံးပေါင်းစုံလမ်း၊ မော်ဘီမြို့နေ
ဦးအောင်ဘ(လ/ထ အင်ဂျင်နီယာ–လျှပ်စစ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)–
ဒေါ်မလေးတို့၏ သားထွေး
မောင်စည်သူအောင် (B.E, Electronics, Y.T.U)
(ခေတ္တ–ဂျပန်)
နှင့်
ရန်ကုန်တိုင်း၊ တိုက်(၁)၊ အခန်း(၃)၊ စီအိုင်ဒီဝင်း ရွာမ၊ အင်းစိန်မြို့နယ်နေ
ရဲအုပ်တင်မောင်ဖေ(လက်ဝှေ့နည်းပြ)–ဒေါ်မာမာတို့၏ သမီးထွေး
မနှင်းဝတ်ရည် (B.E, Civil , Y.T.U)
(Master's Candidate, Saiiama University,Japan)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ လက်ထပ်ပြီးစီး၍ ၂၇–၃–၂၀၀၇ (အင်္ဂါနေ့)တွင် မိုးကုတ် ဝိပဿနာတောရတပ်ဦးကျောင်းတိုက်၊ အောင်ဆန်းမြို့၌ မင်္ဂလာဦး ဆွမ်းကျွေးပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်စည်သူအောင်–မနှင်းဝတ်ရည်

မင်္ဂလာဦးဆုတောင်းလွှာ

မောင်အောင်မျိုးဝင်း
B.E (Electronics)
နှင့်
မမီမီအောင်
B.Dev.s (Eco)
D.A (LCCI, UK)

တို့၏ ၂၅–၃–၂၀၀၇ နေ့ မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာ၊ ချမ်းသာစွာဖြင့် လှပသော အနာဂတ်ကာလများကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ဦးမြင့်ဟန်–ဒေါ်ကြည်ကြည်စိန် မိသားစု
King & Super Grade One
ရွှေအိုးကြီးပါတိတ်
မင်္ဂလာဈေး

NAING Group Home Decoration Center

လူကြီးမင်းတို့၏ အစီအစဉ်ဖြင့် တည်ဆောက်ပြင်ဆင်နေသော
အိမ်၊ ရုံး၊ ဆိုင်ခန်းများကိုစိတ်တိုင်းမကျဖြစ်နေလျှင် ......
နိုင်ငံ့ၤ ဒေသသပ်စနစ်ကျမှုများ၊ ထိုက်သင့်သော တန်ဖိုးနှင့်
ကိုက်ညီပြီး ယုံကြည်စိတ်ချမှု အပြည့်အဝပေးနိုင်တဲ့ ....

NAING Group Home Decoration Center ကိုသာ ဆက်သွယ်လိုက်ပါ။

5% Discount

ရန်ကုန် ➤ အမှတ်(၁၁၇/၁၂၇)၊ ၃၃လမ်း၊(အလယ်)၊ ကျောက်တံတားမြို့နယ်၊
Ph: 951-248082, 383658, 381707, 09 99 23935 Fax: 373759
ပျဉ်းမနား ➤ အမှတ်(၁/၆၈)၊ ဗိုလ်တောက်ထိန်လမ်း၊ မြို့မဈေးအနီး(ချယ်ရီဦး)၊
Ph: 067-21454
မန္တလေး ➤ အခန်းအမှတ် B_2(3)၊ ၃၂လမ်း၊ ၇၇x၇၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊
Ph: 02-89173

APPLIED MARKETING COURSE

|ပညာဒါန အခမဲ့သင်တန်း|

ဧပြီ ၂၁ ရက် စဖွင့်မည်။ သင်တန်းကာလ (၆) လ

- စနေ၊ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ (တစ်ပတ် ၄ ရက်)
- သင်တန်းကြေး၊ စာရွက်စာတမ်းကြေး လုံးဝပေးရန်မလို
- အောက်ပါသင်တန်းခန်းမတွင် ဝင်ခွင့်ဖောင်များ အခမဲ့ တောင်းယူနိုင်သည်။

နတ်သမီး အနုပညာလုပ်ငန်းစု ❑ ၂၃၁ လမ်း ၄၀ အထက်၊ ကျောက်တံတား ☎–၃၈၈၀၄၅

MUSIC ONE

တီးဝိုင်း ပစ္စည်းငှားရမ်းရေး လုပ်ငန်းမှ
သင်္ကြန်ရက်အတွင်း တီးဝိုင်း ပစ္စည်းများ၊ အသံပိုင်းဆိုင်ရာ Speaker(စပီကာ)များကို ဈေးနှုန်း ချိုသာစွာဖြင့် ငှားရမ်းပေးနေပါသည်။
စုံစမ်းရန်–
Ph; 293787 ၊
H.Ph; 09516-1132

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအောင်ဝင်း၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂/ဥကတ(နိုင်) ၁၂၆၂၀၈ ပါသော ပိုက်ဆံအိတ်မည်းတစ်လုံးသည် ၂၇–၃–၂၀၀၇ ပုသိမ်မြို့နယ်၊ ကျောင်းကုန်းကျေးရွာ၊ ဆု(လက်ဖက်ရည်ဆိုင်)တွင် ညနေ၃နာရီခန့် ကျကျန်ရစ်ခဲ့ပါသဖြင့် တွေ့ရှိကပြန်လည်ပို့ပေးပါရန်။
ဦးအောင်ဝင်း ဖုန်း–၀၉–၉၉၂၄၄၆၆၊ ၀၁–၃၈၇၂၉၆
အမှတ်(၇)၊ (၃)ထပ်၊ (၂၁)လမ်း (၅)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့.

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးထွန်းလွင်၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ် (၀၄၇၄၁၃) သည် ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဦးထွန်းလွင်**
ဖုန်း–၀၉၅၀၁၃၉၆၈

ကျေးဇူးဆပ်ပါမည်

ဒေါ်ခင်ခင်မိုး ပိုင် ၃ခ/၉၈၂၄ ဟီနိုးရိန်းဘိုးကား၏ အခွန်ပုံစံ(၁) အစိမ်းစာရွက်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဒေါ်ခင်ခင်မိုး ဖုန်း–၆၆၃၄၀၀

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သန်လျင်မြို့ အမှတ် (၁/က)မြို့ပတ်လမ်း၊ မြို့မတောင်ရပ်ကွက်နေ ကျွန်မ၏ သားဖြစ်သူ မောင်တင်စိုး နိုင်ငံသားစိစစ်ရေးအမှတ် [၁၄/ဟသထ(နိုင်)၀၁၃၉၇၉] သည် မိမိသဘောဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝ လုံးဝတာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
မိခင် ဒေါ်ခင်ဦး
[၁၂/သလန(နိုင်)၀၂၆၉၈၅]

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့်ယာဉ်မောင်းလိုင်စင်ပါသော အိတ်ငယ်တစ်ခု ၁၉–၃–၂၀၀၇ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်ဘူတာကြီးအနီးတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန်။ **ဦးတင်မင်းထွေး**
[၁၂/ဥကတ(နိုင်)၁၅၁၅၈၃]
ဖုန်း–၆၆၇၁၉၆၊ ၀၉၅၁၆၈၄၀၄၊ ၀၉၅၁၈၈၃၆၁၊ ၀၉၈၀၂၂၂၂၈

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်သန်း၏ နိုင်ငံကူးလက်မှတ် အမှတ်–၁၂၂၂၀၇ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း–၀၉၅၁၄၃၃၆၀**

ကျေးလက် ဖွံ့ဖြိုးရေးဆောင်ရွက်

(၆၂)မြောက်တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေကျပ် ၄၁ သိန်း အကုန်အကျခံကာ အရှည် ပေ ၁၄၅၀၊ အကျယ် ၁၂ ပေရှိ ဝမ်းတွင်း-နတ်တန် ကျေးလက်ကျောက်ချောလမ်း ဖွင့်ပွဲကို မတ် ၁၄ ရက်က အဆိုပါ မုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိတို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးတွေ့ရစဉ်။

ပုသိမ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မတ် ၁၄ ရက်က မြို့တောရွာဦးကျွဲ၏ တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးမြင့်ဦးနှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ-၂ ဒေါ်မာမာသက်တို့ ကွင်းဆင်းစစ်ဆေး ကြည့်ရှုစဉ်။

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မိုးကြိုးပစ်အဝင်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးသန့်ဇင်က ရှင်းလင်းတင်ပြရာ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဆွေ(ဒုတိယညွှန်ကြားရေးမှူး) ကြီးကြပ်ဆောင်ရွက်စဉ်။

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြသာယာလှပရေးအတွက် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော မြစ်ကြီးနား-မန္တလေး ပြည်ထောင်စုလမ်းဘေး ဝဲ၊ ယာရှိ ပန်းခုံများ ဆေးသုတ်ပြုပြင်ခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးရှင်သန်မှုကို မတ် ၂၀ ရက် က စည်ပင်သာယာဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ကြစဉ်။

၁၀ရက်အထူးတရားစခန်း

ကွမ်းခြံကုန်း မတ် ၂၉

ကွမ်းခြံကုန်းမြို့ အရှေ့ကျောင်းကြီးတိုက်၏ ဓမ္မဗိမာန်တော်ကြီး၌ ဧပြီ ၇ရက်မှ ၁၆ရက်ထိ ၁၀ရက်အထူးတရားစခန်းပွဲကျင်းပ၍ ဆရာတော်ဦးဘောဂက ဝိပဿနာ တရားတော်များ ဟောကြားမည်ဖြစ်ရာ ဧပြီ ၇ ရက်တွင် ဝိနယပိဋကအောင် ဆရာတော် သုနန္ဒအား ဂုဏ်ပြုပူဇော်ပွဲနှင့် ဓမ္မဗိမာန်တော်ကြီး ရေစက်ချပွဲများ ကျင်းပ၍ ဧပြီ ၆ရက်နှင့် ၇ရက်တို့တွင်ညစဉ်တိပိဋကဆရာတော် ဦးသုန္ဒရ (တိပိဋကရေကောဝိဒ)နှင့် ဆရာတော် ဦးဘောဂတို့က တရားတော်များဟောကြားမည်ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

သင်တန်းများဖွင့်လှစ်

လယ်ဝေး မတ် ၁၇

ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ နွေဦးအားမာန် နွေရာသီအမျိုးသားယဉ်ကျေးမှုနှင့်စာရိတ္တပညာသင်တန်းများ ဖွင့်လှစ်ပွဲကို မတ် ၁၆ ရက်က ပျဉ်းမနားမြို့ အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်းကန်ဦး (အနောက်)နှင့် အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း၌ဖွင့်လှစ်ရာ ခရိုင်အသင်းအတွင်းရေးမှူး ဦးခင်မောင်ဌေး၊အလုပ်အမှုဆောင် ဦးခင်ထွန်းနှင့် အလုပ်အမှုဆောင် ဦးဇော်အောင်တို့သွားရောက်၍ သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့်တွေ့ဆုံကာသင်ခန်းစာပို့ချမှုများအားကြည့်ရှုကြသည်။**(၁၁၈)**

မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စည်ပင်သာယာဈေး မီးဘေးအန္တရာယ်လုံခြုံရေးအတွက် အရန်မီးသတ်သင်တန်းဆင်းပွဲကို မတ် ၂၆ ရက်ကအဆိုပါအဖွဲ့ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်က သင်တန်းဆင်း လက်မှတ်များပေးအပ်စဉ်။ (မြို့နယ်စည်ပင်)

ရွှေထီးတော်တင်၊ အနေကဇာတင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူ

ရေဦး မတ် ၂၇

ရေဦးမြို့ ချမ်းသာကြီးပရိယတ္တိတက္ကသိုလ်ကျောင်းတိုက်ရေကန်အလယ်ရှိ ကုန်းတော်ပေါ်တွင် အသစ်တည်ထားသော ကိုးနဝင်းရှစ်မျက်နှာဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူခြင်း၊ အနေကဇာတင်ခြင်းနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲကို မတ် ၂၆ ရက်က ကုန်းတော်ပေါ်တွင် ကျင်းပရာ ချမ်းသာကြီး ပရိယတ္တိတက္ကသိုလ် ကျောင်းတိုက် ပဓာနဆရာတော် ဦးနန္ဒိယ(အဂ္ဂမဟာပဏ္ဍိတ)၊ သံဃာတော် ၇၅ ပါးနှင့် ကုသိုလ်ရှင် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ပူဇော်ကြသည်။

အဆိုပါ ကိုးနဝင်း ရှစ်မျက်နှာဆုတောင်းပြည့် စေတီတော်ကြီးအား ကုသိုလ်ရှင်များက ငွေကျပ် ၄၅ သိန်း အကုန်ကျခံ တည်ထားကြပြီး စေတီတော်ကြီးသို့ ရေကန်အလယ်သွား သစ်သားတံတားသစ်ကြီးကို ငွေကျပ် ၁၈ သိန်း အကုန်အကျခံ တည်ဆောက်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(၃၉၀)

ထားဝယ်မြို့ ရှင်ကိုးရှင် သမိုင်းဝင်ရှင်ပင်ခရုဘုရားဝင်းအတွင်း ကြေးဘုရား ဆင်းတုတော် တစ်ဆူနှင့် မေတ္တာဝိဟာရီဓမ္မဗိမာန်တော်ကြီးကို မတ် ၁၉ ရက်က ထားဝယ်မြို့ သဘော်ဆိပ်ရပ် အာဇာနည်လမ်းနေ မိဘနှစ်ပါးဖြစ်သော ဖခင် ဦးလင်ဖေဆိုင်- မိခင်ဒေါ်ဂင်ကြူတို့အား ရည်စူး၍ သားကိုချစ်စိုး၊ သမီးမဂင်မူ၊ မမူမူအေးနှင့် သား ကိုဟင်ဆန်း-မသီတာသန်း၊ မြေး မသီရိထိန်ထိန်၊ မယမင်းပွင့်ဖြူ မိသားတစ်စုတို့က ငွေကျပ် သိန်း ၃၅၀ အကုန်အကျခံ ဆောက်လုပ်ပြီး ရေစက်ချလှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ ဦးကျော်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

(မြို့နယ်ပြန်/ဆက်)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သုခပဋိပဒါသဒ္ဓမ္မရုံသီရိပ်သာကျောင်းတိုက် အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ)က တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ အာဟာရပဒေသာပင်အတွက် ငွေကျပ် နှစ်သိန်းကို ဆရာတော်ကိုယ်စား ဦးဝင်းသိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးထွန်းကြိုင် လက်ခံယူစဉ်။

(၃၄၂)

သန္တိသုခစစ်ကောင်းဓမ္မဗိမာန်ဖွင့်

ပဲခူး မတ် ၂၉

ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ဥဿာသီရိ ၇ လမ်းနေ ဦးဝင်းစိန်-ဒေါ်တင်မြ (စစ်ကောင်းလက်ဖက်ခြောက်)မိသားစုတို့ ဆောက်လုပ်လှူဒါန်းထားသော သန္တိသုခစစ်ကောင်းဓမ္မဗိမာန်တော်ကြီး ဖွင့်ပွဲကို ဧပြီ ၄ ရက်တွင် ကျင်းပမည်ဖြစ်ရာ ဖွင့်ပွဲအထိမ်းအမှတ်ပွဲနှင့်အတူ စစ်ကောင်းမိသားစု၏ ရေအလှူတော် သုံးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဓမ္မပူဇာသဘင်ပွဲအဖြစ် ဧပြီ ၄ ရက်တွင် ပဲခူးမြို့ ဆယ်မိုင်ကုန်း ဒေါက်တာအရှင်ပညိဿရ(ဓမ္မဒူတ)၊ ဧပြီ ၅ ရက်တွင် ဦးပညာဇောတဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ ကျုံးဒေါင့်ဝိပဿနာစာသင်တိုက် ပဲခူးမြို့၊ ဧပြီ ၆ ရက်တွင် ဦးဇဝန(စိုင်တီကံဦးကျောင်းဆရာတော်)၊ ဧပြီ ၇ ရက်တွင် ဦးသူရိယ ဓမ္မာစရိယ၊ မာလာမြိုင်ဆရာတော် ဆင်ဖြူကွင်း ပဲခူးမြို့တို့က ညစဉ် ၇ နာရီမှစ၍ ပဲခူးမြို့ ဥဿာသီရိ ၇ လမ်း စစ်ကောင်းစာကြည့်တိုက်၌ တရားရေအေး တိုက်ကျွေး ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(၁၃၂)**

ပွင့်ဖြူဆရာတော်တရားပွဲ

ပွင့်ဖြူ မတ် ၂၉

ပွင့်ဖြူမြို့ သာသနသောဘဏိကာရုံကျောင်း နယ်လှည့်တရားဟောဓမ္မကထိက၊ဓမ္မာစရိယ အရှင်နန္ဒမာလာသည် ဧပြီ ၁ ရက် မွန်းတည့် ၁၂ နာရီတွင်အောက်စုရွာဦးအောင်မောင်း အလှူ၊ ဧပြီ ၁ ရက်၊ ၂ ရက် ညဥ့် ကဒါးရွာ ဦးတင်-ဒေါ်ခင်စိန် မွေးနေ့အလှူ၊ ၄ ရက် နံနက် ၉ နာရီ ပွင့်ဖြူ ဦးကျော်စိန်-ဒေါ်ဝင်းကြည် အလှူ၊ ၆ ရက်ည ပဲခူးအလှူ၊ ၇ ရက်ည ရန်ကုန်မြို့ ရှစ်မိုင်ဘာဝနာသိက္ခာထပ်အလှူ၊ ၁၂ ရက် နံနက် ပွင့်ဖြူ သခွတ်ကုန်း အလှူ၊ ၁၃ ရက်နှင့် ၁၄ ရက် ပွင့်ဖြူ၊ ၁၅ ရက်ည ၆ နာရီ အနောက်စု သင်္ကြန်ပူဇော်ပွဲ ည ၈ နာရီ စံဖဲရွာ သင်္ကြန်ပူဇော်ပွဲ၊ ၁၆ရက်ည ကျောင်းရွာ ဦးလွင်ဦး၊ ဒေါ်မြိုင်၊ ၁၇ ရက်ည ဂျိုပင်ရွာတို့၌ တရားတော်များဟောကြားမည်ဖြစ်ရာ ဆက်သွယ်လိုပါက ဖုန်း ၀၅၂-၅၆၄၃၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြိတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ မြို့နယ်စည်းရုံးရေးကော်မတီမှ ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်အတွက် အဖွဲ့ဝင် ၄၄၈ ဦးတို့အား ငွေကျပ် ၂၂၄၀၀၀၀ တန်ဖိုးရှိ စစ်မှုထမ်းဟောင်းဝတ်စုံများကို ဖေဖော်ဝါရီ ၁၆ ရက်က မြို့နယ်စစ်မှု ထမ်းဟောင်းအဖွဲ့ရုံးတွင် ထောက်ပံ့ပေးအပ်စဉ်။

(စစ်မှုထမ်းဟောင်း)

မုဒုံမြို့ ဘိုးဘွားရိပ်သာအတွက် မတ် ၉ရက်က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနေ ဦးကင်းဟုတ်-ဒေါ်ဖွားစိန် မိသားစုကငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာ ဘိုးဘွား ရိပ်သာဥက္ကဋ္ဌ ဦးပိုးရီ လက်ခံရယူစဉ်။

(ဘိုးဘွားရိပ်သာ)

ကြေးမုံ

The Mirror

မြို့နယ်သတင်းများ

(၆၂)မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့်ထားဝယ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ မြို့နယ် စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးငွေသိန်း(ငြိမ်း) ဦးဆောင်၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ မတ် ၁၇ ရက်က ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (ခရိုင်ပြန်/ဆက်)

(၆၂)မြောက်တပ်မတော်နေ့ ဂုဏ်ပြု အုတ်ရေကန်ဖွင့်ပွဲနှင့်လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ကျောက်ကြီး မတ် ၂၇

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တည်ဆောက်ပြီးစီးခဲ့သော ရေဂါလန် ၃၀၀၀ ဆံ့ အုတ်ရေကန် ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၆ ရက်တွင် သိမ်တန်းရပ်ကွက်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမိုးဦး၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုလေး၊ တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်မြင့်၊ မြို့နယ် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် သိမ်တန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ၊ စည်ပင်သာယာရေးအဖွဲ့ အရာရှိနှင့် ရပ်ကွက်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စည်ပင်သာယာရေးအဖွဲ့အရာရှိက ရပ်ကွက်ဥက္ကဋ္ဌအား အုတ်ရေကန်ကို လွှဲပြောင်းပေးအပ်သည်။ (၁၂၂)

ကရင်ပြည်နယ် ဘားအံမြို့ တောင်ကလေး ပရိယတ္တိစာသင်တိုက် သာသနဓဇအသင်းကြီးမှ ကြီးမှူးကျင်းပသော သာသနဓဇ စာပြန်ပွဲတော်နှင့် သာသနဇောတကစာမေးပွဲကို မတ် ၂၅ မှ ၂၈ ရက်အထိ ကျင်းပရာ ရဟန်း၊ သာမဏေ၊ ကျောင်းသား ၂၀၀ ကျော်နှင့် မော်လမြိုင်၊ ရန်ကုန်၊ သထုံ စသည်တို့မှ စာဖြေပုဂ္ဂိုလ်များ ဖြေဆိုစဉ်။ (က-ပ)

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ပတ္တမြားကုန်းကျေးရွာအုပ်စု ပိန္နဲချောင်ကျေးရွာ ပုလဲစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်ကကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်း၊ ကျေးရွာဥက္ကဋ္ဌဦးအောင်သူနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

ကြေးမုံ The Mirror

မြို့နယ်သတင်းများ

အလုပ်သမားဆေးရုံအုပ်ကြီးနှင့်အဖွဲ့ စစ်တောင်းအမှတ်(၁)စက္ကူစက်ရုံတွင် ဆေးကုသပေး

စစ်တောင်း မတ် ၁၃

စက်ရုံဝန်ထမ်းများနှင့် မိသားစုများ လုပ်ငန်းခွင်မပျက် ကျန်းမာရေးစစ်ဆေးခံနိုင်ရေး၊ ဆေးဝါးကုသမှု ခံယူနိုင်ရေးတို့အတွက် ရန်ကုန်မြို့ အလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ

အောင်လင်း ဦးဆောင်သော အထူးကုဆရာဝန်ကြီး ၁၉ ဦး၊ အထွေထွေရောဂါကု ဆရာဝန်ကြီး၂၁ ဦး၊ ကျန်းမာရေးဝန်ထမ်း နှစ်ဦး ပါဝင်သော အဖွဲ့သည် မတ် ၈ ရက်မှ ၉ ရက်အထိ စစ်တောင်း အမှတ်(၁) စက္ကူစက်ရုံသို့ လာရောက်၍ စက်ရုံဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစု ၁၂၀၀ ကျော်တို့အား အရိုးအကြောရောဂါ၊ မီးယပ်သားဖွားရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်းနှင့် လည်ချောင်းရောဂါ၊ သွား ရောဂါနှင့် အထွေထွေရောဂါများကို စမ်းသပ်စစ်ဆေးကုသပေးကြသည်။ **(ဝဲပုံ)**

အဆိုပါ အဖွဲ့သည် စက်ရုံဝန်ထမ်းအားလုံးအား မေးခိုင်ရောဂါကာကွယ်ဆေးထိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

(စက်မှု-၁)

YAG PAINTING SCHOOL

အတွေးအခေါ်၊ အမြင်၊ ဖန်တီးနိုင်မှုစွမ်းအားများတိုးတက်မြင့်မားစေရန်

နေရာသီပန်းချီသင်တန်း

အခြေခံဝန်းချီ ဗီဒိုင်း ခဲ ရေဆေး ဆီဆေး Acrylic တပေးဝန်းချီ(Arts & Crafts)

အမှတ်-၂၇၃(၅-ခ၁၀)၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ (ယုဇနယာဉ်အနီးအောင်မင်္ဂလာမှတ်တိုင်) ☎ 296 825

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ ၂၈လမ်း၊ အမှတ်-၁၀၁၊ ပထမထပ်(ဝဲ)၊ အခန်းအမှတ်-၃နှင့် ပထမထပ်(ယာ)၊ အခန်းအမှတ်-၄တို့ကို အမည်ပေါက်လက်ဝယ်ထားရှိ ပိုင်ဆိုင်သူများဖြစ်ကြပါသော ဦးအိစမာအင်[၁၂/ပဘတ(နိုင်)၀၃၁၀၀၅]နှင့် ဒေါ်ဖာတီမာ[၁၂/ပဘတ(နိုင်)၀၁၉၄၇၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းများနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား၊ တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ဖော်ပြပါတိုက်ခန်းများ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မြမြထွန်း(B.A Law, LL.B)
တရားရုံးချုပ်ရှေ့နေ
(စဉ်-၆၉၁၀)

အိမ်လိပ်စာ
တိုက်-၂၃၄၊ အခန်း(၆)
(၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့။

ရုံးခန်းလိပ်စာ
အမှတ်-အေ/၁၈၊ အမှတ်(၅၀)၊
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော လမ်းမတော်မြို့နယ်ရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ အဆိုပါ တိုက်ခန်းအား မူလအမည်ပေါက်ထံမှတစ်ဆင့် အဆောက်အအုံနေထိုင်ခွင့် စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် တင်ပြလာသဖြင့် အမည်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
ဒေါ်ရူတီ AG-၁၉၂၁၈၁	ဒေါ်ကြည်ကြည်ဝင်း ၇/အဖန(နိုင်)၀၀၃၄၄၂	တိုက်(၅၄)၊ (၅)လွှာ၊ ၁၆လမ်း၊ လမ်းမတော်

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂)သတ္တုတွင်းလုပ်ငန်း (ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း)

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ အောက်ပါပစ္စည်းရောင်းချရန်ရှိပါသဖြင့် ချိပ်ပိတ်တင်ဒါပေးသွင်းကြပါရန် ဖိတ်ကြားအပ်ပါသည်-

၁။ပစ္စည်းအမျိုးအမည်နှင့်- ELECTROLYTIC REFINED TIN
တန်ချိန် ABOUT (20)MTS
၂။DELIVERY- F.O.B (YANGON)
၃။PRICING- PRICING TO BE QUOTED IN EURO ONLY
၄။PAYMENT- TO OPEN LC (OR)TT NOT LATER THAN (15)DAYS AFTER ACCEPTANCE OF THE OFFER
၅။**တင်ဒါပိတ်ရက်နှင့်အချိန်**-၉-၄-၂၀၀၇နေ့၊ မွန်းတည့် ၁၂:၀၀နာရီ
၆။**တင်ဒါပေးသွင်းရမည့်နေရာ**-ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ နေပြည်တော်
၇။အသေးစိတ်အချက်အလက်သိလိုပါက သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ဝယ်ယူရောင်းချရေးဌာနခွဲ၊ ဖုန်းအမှတ်-၀၆၇၄၀၉၃၉၁၊ ၀၁-၃၇၅၃၁၀သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **သတ္တုတွင်းဝန်ကြီးဌာန**
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

"STAR"

သူနာပြုအကူသင်တန်း

* ဝါရင့်ကျွမ်းကျင်သော ဆရာဝန်ကြီးများ နှင့် ဆရာမကြီးများကိုယ်တိုင် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် သင်ကြားပေးသည်။
* ခေတ်မီစက်ကိရိယာများအား အသုံးပြု၍ ဆေးဝါးဗဟုသုတနှင့် လက်တွေ့သင်ခန်းစာများကိုပါ သေချာစွာ လေ့ကျင့်သင်ကြားပေးသည်။
* အလုပ်အကိုင် ရရှိရေးအတွက် ကူညီသည်။

ပြီးလအတွက် တန်းခွဲသစ် ရှိသည်။

အရစ်ကျပေးသွင်းနိုင်သည်။

Home Medicare Service
အမှတ် ၃၀၊ ရွှေတောင်တန်းလမ်း။
လမ်းမတော်မြို့နယ်၊ ရန်ကုန်။ Ph: 225791, 225850

Myanmar Sakura
Japanese Language Centre

အခြေခံမရှိသူများနှင့် အခြေခံရှိပြီးသူများအတွက် တန်းခွဲသစ်များကို ၂၀၀၇ခုနှစ်၊ April 24 တွင် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။

No.274(A), Ground Floor, Pyay Road, Myaynigone, Sanchaung T/S. ☎: 504246, 09 51 56804

Myanmar Graphic Art Show, 2007

April 1 - 7, 2007

9 : 00 am to 5 : 00 pm

National Museum, Pyay Road, Yangon

မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်သည်။

ဗဟို မျက်စိအထူးကုဆေးခန်း၏ နှစ်ပတ်လည်နေ့အခမဲ့

မျက်စိစမ်းသပ်ကုသပေးခြင်း

ဗဟိုမျက်စိအထူးကုဆေးခန်း၏ နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် မျက်စိဝေဒနာရှင်များကို မျက်စိအထူးကုဆရာဝန်ကြီးများကိုယ်တိုင် ခေတ်မီစက်ကိရိယာအပြည့်အစုံဖြင့် အခမဲ့ စမ်းသပ်ကုသပေးမည် ဖြစ်ပါ၍ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် ❀ (၂-၄-၂၀၀၇) နှင့် (၃-၄-၂၀၀၇)
အချိန် ❀ နံနက် (၉:၀၀) နာရီ မှ ညနေ (၆:၀၀) နာရီအထိ
နေရာ ❀ "ဗဟိုမျက်စိအထူးကုဆေးခန်း" သိမ်ကြီးဈေး(D)ရုံ၊ (၄)ထပ်၊
ဖုန်း - ၂၄၀၆၀၀ (ခွဲ-၅၀၀)၊ ၂၄၂၄၈၈ (ခွဲ-၃၀၈၉)
ဓာတ်လှေကားဖြင့် ကြွပါရန် (ဆေးခန်းထိ ကားဖြင့်တက်နိုင်ပါသည်။)

ဈေးလျှော့ 20% Discount

အများသိစေရန်ကြေညာချက်

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ အကွက်အမှတ်(၅၈)၊ ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ(၀ဒသမ၀၃၉)ကေရှိ အနှစ်(၃၀)အငှားဂရန်အမှတ်(ငါး)၈၇/၉၆-၉၇မြေကွက်၊ ၎င်းမြေကွက်နှင့်ကပ်လျက် ဦးပိုင်အမှတ်(၄၉)၊ ဧရိယာ(၀ဒသမ၀၄၃)ကေရှိ ထာဝရဂရန်အမှတ်-F-2496D/18-6-80 နှစ်ချင်းအငှားဂရန်အမှတ်-y to y 175 D/2-8-1900မြေကွက်များနှင့်အကျိုးခံစားခွင့် အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းအေး[၁၀/မလမ(နိုင်)၀၉၈၇၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်များ ရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါရှိသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်သွားပါက ဆက်လက်၍ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးခင်မောင်မြင့်
H.G.P.,LL.B
တရားရုံးချုပ်ရှေ့နေ
စဉ်-၂၈၂၄
အမှတ်(၁၆)၊ ကျိုက္ကမီလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်)၊ မြေတိုင်းရပ်ကွက် အမှတ်-၃၅၊ မြေကွက် အမှတ်-၂၀၇၊ မြေကွက်တည်နေရာ အမှတ်(၂၀၇)၊ မဂ္ဂင်လမ်း၊ (၃၅) ရပ်ကွက် ဒဂုံမြောက်ပိုင်း (ဦးစိုးဦး) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိုးဦး ကွယ်လွန်သဖြင့် ဒေါ်ခင်ပိုက ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး**
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

WAREHOUSE SALES
TAMWE ELECTRONIC MART
(1. 4. 07 TO 12. 4. 07)
TV,VCD,DVD,HI-FI,ရေခဲသေတ္တာ၊ အဝတ်လျှော်စက်နှင့် အခြားအိမ်သုံးလျှပ်စစ်ပစ္စည်းမျိုးစုံ
ဝယ်ယူသူတိုင်းအား နှစ်သစ်ကူး အထူးလက်ဆောင်များ ပေးပါမည်။
Display Set များ အထူးနှုန်း
CAR PARKING လည်း လွယ်ကူပါတယ်နော် ...
Stock Clearance
စောစောလာရင် စိတ်ကြိုက်ရွေးချယ်ခွင့် ပိုရမယ်နော်
မေတ္တာရိပ်မွန်အိမ်ရာ၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ရွှေဗဟိုအထူးကုဆေးခန်းအနီး။ ☎ : ၇၂၆၀၅၄

ပန်းသဇင်အဖွဲ့
ငပလီ သကြံ္ကန်
ကမ်းသာယာ/ပြည်ဘုရားဖူး
စား၊ တည်း-ငြိမ်း
ဧပြီ ၁၂ ရက်ည ထွက်မည် (၄ ညအိပ် ၅ ရက်)
အဖွဲ့လိုက်သီးသန့်စီစဉ်ပေးသည်။
၃၀၃၊ အနော်ရထာလမ်း၊ ကုန်စျေးတန်းလမ်းထိပ်၊
ပန်းသဇင်စားသောက်ဆိုင်၊ 243760-380527

ချယ်ရီ မဂ္ဂဇင်း ဧပြီလ ထွက်ပြီ
■ ဆုရှန်းလဲ့၊ ဆုန်သင်းပါရ်၊ သားစိုးတို့နှင့် တွေ့ဆုံခြင်း။
■ သင်္ကြန်၏အဓိပ္ပာယ်၊ အနှစ်သာရ၊ ဓလေ့ထုံးစံတို့ အကြောင်း ဖော်ပြထားတဲ့ သင်္ကြန်အထူးကဏ္ဍ
■ မေတ္တာ၊ ပေလုဝတို့ဖြတ်သန်းခဲ့တဲ့ သံချပ်သင်္ကြန်
■ ခုနှစ်တာရာနှင့်တွေ့ဆုံခြင်း ဂယက်၊ အောင်သင်း၊ မြတ်ဆွေ၊ မောင်ဝံသ၊ ထက်မြက်၊ ကြည်ဦး၊ ပြုံးထိန်၊ ဆူးငှက်၊ မောင်နွေထက်၊ ဒလဘန်း၊ စိုးအုပ်၊ သင်းရီ၊ အမရာဇော်၊ ရွှေစင်ကိုကို၊ မောင်ချစ်ရ၊ မောင်မောင်ပြင်သိန်း(ကော်မူတက္ကသိုလ်)၊ ပေါ်ဦးသစ်၊ သင်းစုရည်မြ၊ သိန်းငွေမောင်၊ ဒေါက်တာရန်မျိုးသိန်းတို့၏ စာများနှင့်အတူ ...
ကဗျာ၊ ဝတ္ထု၊ ကာတွန်း၊ ကျန်းမာရေးရာဆောင်းပါးများ၊ ပြည်တွင်းပြည်ပအနုပညာများဖြင့် ...

မြဝတီ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် MRTV-4 အစီအစဉ်များကို
Antenna တစ်ချောင်းတည်းဖြင့် ဖမ်းယူကြည့်ရှုနိုင်မည်...
NIBBAN®
All in One
ANTENNA
D.I.Y

Antenna ကြိုး (၁၅)ကိုက်နှင့် TV ခေါင်းပါပြီးဖြစ်၍ မိမိကိုယ်တိုင် အလွယ်တကူတပ်ဆင်နိုင်ပါသည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက်သာ
NIBBAN ELECTRIC & ELECTRONICS
SHOWROOM & SERVICE CENTER(YANGON)
No-111, Bo Ywe Street, Latha Township, Yangon.
Tel: (01) 251792, 384730
E-mail: neesr@myanmar.com.mm

၂၀၀၇ ပင်လယ်အပျော်စီးသင်္ကြန်သင်္ဘောကြီးအထူးခရီးစဉ်
(၁၂.၄.၀၇) မှ (၁၆.၄.၀၇) ထိ
K.M.T Group ၏ ပဉ္စမအစီအစဉ်
၅ ရက်ခရီး

သံလွင်
THAN LWIN
ကော့သောင်း၊ သူ့ရွှေကျွန်း၊ ရုယ်စပ်ဒေသ၊ မြိတ်မြို့
အမှတ်(၆၁)၊ ၁၅လမ်း(အောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
Ph:211021 , 09 80 20675 ,09 516 4616,09 517 0912

NIBBAN® ရဲ့ ရွှေရာသီ မီးမြှင့်စက်အရောင်းမြှင့်တင်ရေး
အစီအစဉ်ကိုစတင်လိုက်ပါပြီ...
မတ်လ(၁၅)ရက်နေ့မှစ၍ မေလ(၁၅)ရက်အတွင်း 3KVA နှင့်အထက် မီးမြှင့်စက်နှင့် ဗို့အားထိန်းစက်များကိုဝယ်ယူပါက ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင်းအိမ်တိုင်ရာရောက် အခမဲ့ပို့ဆောင်တပ်ဆင်ပေးမည့်အပြင် NIBBAN ရဲ့ Promotion Gifts လက်ဆောင်လှလှလေးတွေရရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လူကြီးမင်းတို့ရဲ့ ဗို့အားတည်ငြိမ်ဖို့လိုအပ်ချက်တွေအားလုံး ပြည့်စုံသွားစေဖို့ ယခုပဲ NIBBAN ELECTRIC & ELECTRONICS ကိုယ်စားလှယ်ဆိုင်များနှင့်ရန်ကုန်၊ မန္တလေးရှိ ဝင်ရင်း (SHOW ROOM & SERVICE CENTER) များသို့ ဆက်သွယ်စုံစမ်းဝယ်ယူတပ်ဆင်ကြပါစို့။
DIGITAL AVR
မတ်လ(၁၅)ရက်မှ မေလ(၁၅)ရက်အတွင်း
DIGITAL AVR & SAFEGUARD
SERVO STABILIZER
(အခမဲ့ပို့ဆောင်တပ်ဆင်ပေးခြင်း) + (လက်ဆောင်ပစ္စည်း)
SHOWROOM & SERVICE CENTER(YANGON)
No-111, Bo Ywe Street, Latha Township, Yangon.
Tel: (01) 251792, 384730
E-mail: neesr@myanmar.com.mm
SHOWROOM & SERVICE CENTER(MANDALAY)
NO.178, 26(B) Street, Between 83 & 84 Street,
Aung Myay Tharzan Tsp, Mandalay. Te: (02) 63249
E-mail: nibban-mdy@mandalay.net.mm
NIBBAN ELECTRIC & ELECTRONICS

ဘုတ်လူးဘုဒ်အစဉ်
feel 3 ဆိုင်မှာ
ည (၈း၃၀)မှ (၁၀း၀၀)ထိ ခင်းကျင်းပြသထားသော ဟင်းပွဲများကို 30% Discount ပေးနေပါပြီ။
ရှု၀(ဗထမထပ်)၊ မနေသီဟစင်တာ၊ ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်။ ☎ 210678

ခြံနှင့်အိမ်ရောင်းမည်
အမှတ်(၁)၊ သဇင်မြိုင်လမ်းသွယ်၊ ဂန္ဓါမြိုင်လမ်း၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်၊ 75'x140'RC (တစ်ထပ်တိုက်) ဘိုးဘွားပိုင်၊ အမည်ပေါက်။
ဖုန်းပါ(၆၆၅၇၂၄)

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆ K)၊ မြေကွက်အမှတ် $\left(\frac{၁၁၁-A}{၉-၆}\right)$ ဧရိယာ(၀ဒသမ၀၅၈)ဧကရှိ မြေပိုင်မြေကွက်+ဂိုဒေါင်နှင့် မြေကွက်အမှတ် $\left(\frac{၁၁၁-A}{၁၆-၂^{B}}\right)$ ဧရိယာ(၀ဒသမ၁၁၁)ဧကရှိ မြေပိုင်မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးညွှန့်အေး [၁၂/ဗဟန(နိုင်)၀၅၅၄၆၇]မှ အပြီးအပိုင် ရောင်းချပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီခဲ့ပြီး ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ဦးညွှန့်အေးသို့ ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်နှစ်ကွက်ရောင်းချခြင်းကိုကန့်ကွက်လိုပါက သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့်တကွ ဤကြေညာချက်ပါရှိပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဒေါ်မိမိလှိုင် တရားရုံးချုပ်ရှေ့နေ(စဉ်-၅၃၅၄)
အမှတ်(၉/၁၁)၊ အခန်း(၃/ခ)၊ ၃၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

သွားချင်တဲ့ ခရီး ကိုသွား
ငှားချင်တဲ့ ကား ကိုငှား
TOP 243363 705877
ကို ၂၄နာရီဖုန်းဆက်လိုက်ပါလား။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ထား။
van, saloon ကားများငှားရန်ရှိသည်။

စားသောက်ဆိုင်သုံး
စားပွဲ၊ကုလားထိုင်၊ပန်းကန်များ၊မီးဖိုအေါင်းတိုင်၊
မီးဖိုချောင်သုံးပစ္စည်းနှင့်(၁၀) KVAမီးစက်ဝယ်လိုသည်။
(အသစ်နီးပါးကောင်း)ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
ဖုန်း-၀၉၉၉၉ ၇၁၁၄၈၊ ၂၉၈၉၆၅

ကားရောင်းမည်
၂က/၄ထောင်ကျော်
စုပါရှ(ဒီဇယ်)87 Model
အခွန်ကျေအိပ်စီးကား(အမည်ပေါက်)
အမှတ် (၄)၊ အေးမြသာယာလမ်း၊
(၃၂) ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)

တရုတ်စာနှင့် စကားပြောကို
ကောင်းကောင်း တတ်လိုသော ကလေးနှင့်လူကြီးအတွက် Ever Super Chinese Class
၄၈လမ်း၊ No.138၊ ဒု-လွှာ
ဖုန်း-၂၉၇၅၆၂

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးတင်လှ၏သမီး အထက(၂)လသာမှ အလယ်တန်းပြဆရာမ ဒေါ်ခင်ဆွေနိုင် [၁၂/ကတတ(နိုင်)၀၁၆၃၉၃]အား ဒေါ်စန်းရီ(ခ)ဒေါ်ခင်ဆွေနိုင်ဟု ဖြည့်စွက်ခေါ်ပါရန်။ **ဒေါ်စန်းရီ(ခ)ဒေါ်ခင်ဆွေနိုင်**

အမည်ပြောင်း

အဘ ဦးကောင်းမြတ်နိုင်၏ သမီး အမက(၁၀)ဒဂုံမြောက် ဒုတိယတန်း(A)မှ မအိအိအောင်အား မအိမ့်လဲ့သံသာဟု ပြောင်းလဲခေါ်ပါရန်။

မအိမ့်လဲ့သံသာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅E)၊ မြေကွက်အမှတ်-V-၁၆၁၊ မြေကွက်တည်နေရာ အမှတ်(၁၁)၊ထီးတန်း(၁)လမ်း၊ကြည့်မြင်တိုင်မြို့နယ် (ဦးသန်းမောင်-ဒေါ်အုံး) အမည်ပေါက်သုံးလပတ် မြေငှားဂရန်(သက်ကုန်) မြေအား အမည်ပေါက် ဦးသန်းမောင်နှင့် ဒေါ်အုံး ကွယ်လွန်သဖြင့် ၁။ဒေါ်မြင့်မြင့် [၁၂/ကမတ(နိုင်)၀၁၂၁၄၆]၊ ၂။ဒေါ်သန်းတင့် [၁၂/ကမတ(နိုင်)၀၀၉၄၁၂]၊ ၃။ဒေါ်ခင်သန်း[၁၂/ကမတ(နိုင်) ၀၀၉၁၁၉]၊ ၄။ ဦးထွန်းလင်း [၁၂/ကမတ(နိုင်) ၀၄၇၄၁၆]တို့က သား သမီးအရင်းများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက နိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁။	ဒေါ်အေးအေးသာ	၁၂/ဥကတ(နိုင်)၁၄၁၃၈၆	သင်္ဃန်းကျွန်း	၁၆/၁	၉၄၈/ခ	ဒေါ်ယုနွှာအောင်(ခ)ဒေါ်နွှာအောင်	၉၄၈/ခ၊ ဇဋိလ(၂)လမ်း၊ သင်္ဃန်းကျွန်း	အမည်ပြောင်း
၂။	ဦးဖြိုးမင်းအောင်	၁၂/မဂတ(နိုင်)၀၀၁၅၈၇	သင်္ဃန်းကျွန်း	၃၀-သုဝဏ္ဏ	၁၇၀-အေ	ဒေါ်ရန်ရှောလ်အေ	၃၁၊ ပန်းဝါလမ်း၊ ၃၀ ရပ်ကွက်၊ သင်္ဃန်းကျွန်း	အမည်ပြောင်း
၃။	ဦးကျော်သန်း	၁၂/အလန(နိုင်)၀၂၆၉၂၁	အလုံ	၂၃-အိုး³	၁၉၈	ဦးကျော်သန်း+၁	၁၃၊ စက်တွင်းလမ်း၊ ဆင်မင်းရပ်ကွက်	အမည်ပြောင်း
၄။	ဦးစိုးနိုင်ဦး	၁၂/သဃက(နိုင်)၀၄၈၈၅၆	ဒဂုံတောင်	၂၄	၄၇၉	ဦးမောင်ထူး	၄၉၇၊ မဂ်လမ်း၊ ၂၄ ရပ်ကွက်၊ ဒဂုံတောင်	ဂရန်ခွဲ
၅။	ဦးတင့်လွင်+၄	၁၂/တမန(နိုင်)၀၆၀၄၂၄	သာကေတ	စက်မှုလက်မှု	၆၈-အေ⁶	ဒေါ်ကြူ	၆၈၊ မြူလာလမ်း၊ စက်မှုလက်မှုရပ်ကွက်၊ သာကေတ	ဂရန်ခွဲ
၆။	ဒေါ်တင်မာသွယ်	၁၂/မရက(နိုင်)၀၆၂၆၂၆	မရမ်းကုန်း	၃၃-သမိုင်း	၁၂/ည⁶+၁၂/ဌ⁵	ဒေါ်တင်မာသွယ်+၁	၁၈၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်း	အမည်ပြောင်း
